မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၁ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၂)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကာလမ်ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်လေ့လာ

မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားကြီးအားကြည်ညို

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကာလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘာစကာကူမားမိထရာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် မန္တလေး တိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကာလမ်နှင့် အဖွဲ့ဝင်များ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရွှေသင်္ကန်းကပ်လှူ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကာလမ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူစဉ်။ (သတင်းစဉ်)

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကာလမ်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Ms. Anita Nayar၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မန္တလေးအပြည် ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုသို့ ကြိုဆိုကြရာတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ ရောမောင် ယဉ်ကျေးမှုဆင်အကအဖွဲ့က ရိုးရာဆင်အကဖြင့်လည်းကောင်း၊ ကျောင်းသူလေး များက လက်များဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းစေမည့် အိန္ဒိယသမ္မတကြီး၏ ချစ်ကြည်ရေးခရီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် ရေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လာကြသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။

နှစ်နိုင်ငံတို့သည် ကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ရေးအတွက် အတူတကွရုန်းထွက်ခဲ့ကြပြီး သမိုင်းအစဉ်အဆက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည်။ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

အရှည်တည်တံ့ခဲ့သော ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား အချင်းချင်းဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံခေါင်းဆောင်များသည် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်လည်ပတ်လျက်ရှိကြသည်။

နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ချစ်ကြည်ရေးခရီး အလည်အပတ် သွားရောက်ခဲ့ကြသည်။

ယခုတစ်ဖန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် မတ်လ ၈ ရက်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီးအလည်အပတ် ရောက်ရှိလာခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်၏ ယခုခရီးစဉ်အတွင်း မတ်လ ၉ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတ နိုင်ငံအစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှ စူးစမ်းရှာဖွေရေးနယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတ နိုင်ငံအစိုးရ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေလေ့လာသင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာနတို့အကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သို့ဖြစ်ရာ အိန္ဒိယသမ္မတကြီး၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် ရှည်လျားခိုင်မာသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်းစိန်မြို့နယ် တောင်သူကုန်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ရပ်ကွက်အတွင်း ခြစ်စည်းရိုး ကြက်ဆူပင် ၁၀၀၀၀ စိုက် ပျိုး ရန်အတွက် မတ် ၈ ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးစောချစ်ထွေးနှင့်အဖွဲ့ဝင်များက အိမ်ထောင်စုများသို့ ခြစ်စည်းရိုးကြက်ဆူပင်များ ဖြန့်ဝေပေးစဉ်။ (၀၄၆)

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ ကျန်းမာသုတ
- ၁၂:၂၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အပြောင်းအလဲ"** (အပိုင်း-၁)
- ၀၁:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၂၂)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ English Premier League ဘောလုံးပွဲ Chelsea Vs Tottenham Hotspur.

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဒေါပုံ ကော်ဇောပစ္စည်းစက်ရုံ ကြည့်ရှုစစ်ဆေး အရည်အသွေးကောင်း ဈေးကွက်ဝင် ကော်ဇောများရွေးချယ်ထုတ်လုပ်ရေး မှာကြား

ရန်ကုန် မတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ဌေးဦးသည် မတ် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းမကြီးနှင့် ပုဇွန်တောင်ချောင်းအကြားတွင် တည်ရှိသည့် ဒေါပုံ ကော်ဇောပစ္စည်းစက်ရုံသို့ ရောက်ရှိရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေါပုံကော်ဇောပစ္စည်းစက်ရုံ မန်နေဂျာ ဦးကျော်မြင့်က စက်ရုံ၏ စက်စွမ်းအားနှင့် ကော်ဇောအမျိုးမျိုးထုတ်လုပ်မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ထုတ်လုပ်မှုပြည့်မီရန် စွမ်းဆောင်ချက်များနှင့် ဈေးကွက်အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်စွမ်းအားပြည့် ထုတ်လုပ်ရေး အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်ကော်ဇောများ ရွေးချယ်ထုတ်လုပ်ရေးတို့အား မှာကြားသည်။

ထို့နောက် စက်ရုံပြခန်းတွင် ခင်းကျင်းပြသထားသော ကော်ဇော ဒီဇိုင်းပုံစံအမျိုးမျိုးကို ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ထုတ်လုပ်လျက်ရှိ

ဒေါပုံ ကော်ဇောပစ္စည်းစက်ရုံသည် ဝါဂွမ်းချည်၊ ပေါ်လီပရိုပလင်းချည်များဖြင့် ကော်ဇောဆိုက်စုံ အမျိုးမျိုးကို ထုတ်လုပ်သည့်အပြင် ဂုန်နီချည်၊ ကော်ဇောအောက်ခံ ဂုန်နီဖျင်နှင့် မအူပင် စက္ကူစက်ရုံမှ ရရှိသည့် ဖြတ်စအလေအလွင့်ကုန်ကြမ်းများအသုံးချ၍ လူသုံးတစ်သျှူး စက္ကူလိပ်များကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းနေ ကွယ်လွန်သူဖခင် ပညာမင်းကြီး ဦးကောင်းအား ရည်စူး၍ ဦးသော်ကောင်း-ဒေါ်ခင်သန်း မိသားစုတို့က ဆွမ်းပဒေသာပင် အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချောက်မြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၀

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၅ ခုနှစ် တက္ကသိုလ်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ အမှတ်စာရင်း မိတ္တူကို မတ် ၂၃ ရက်နောက်ဆုံးထား၍ အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဇံ ဖုန်း-၅၂၄၈၀၇(အိမ်) ၅၀၁၉၀၅ (ရုံး)၊ ဒေါက်တာမောင်မောင်မြင့် ဖုန်း-၂၄၀၅၄၄ (အိမ်)၊ ၃၇၁၅၉၂ (ရုံး)၊ အတွင်းရေးမှူး ဦးဌေး အောင် ဖုန်း-၂၉၃၄၂၀ (အိမ်)၊ ၂၉၁၂၅၀ (ရုံး)တို့သို့ ဆက်သွယ်ပေးပို့ကြရန်နှင့် ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပမည့် သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ် ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် (၂၀) ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ချောက်မြို့နယ်သူ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်ရသေးလျှင်ဖြစ်စေ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

* ရှေ့ဖုံးမှ

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့အတူ အနုပညာဦးစီးဌာန မန္တလေးဌာနခွဲ မင်္ဂလာစည်တော်အဖွဲ့က စည်တော်အကဖြင့် ဂုဏ်ပြုကြိုဆိုရာ ဧည့်သည်တော် သမ္မတကြီးက ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မင်္ဂလာစည်တော်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်စည်းဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား တိုင်းရင်းဆေးတက္ကသိုလ်နှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကိုက ဧည့်သည်တော်သမ္မတကြီးအား အထိမ်းအမှတ်လက်ဆောင် ဂါရဝပြု ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်ပြတိုက်ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က စည်းဝေးခန်းမ၌ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များအား အိန္ဒိယရိုးရာ တိုင်းရင်းဆေးဝါးများ သုတေသနပြုမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီးက တိုင်းရင်းဆေးတက္ကသိုလ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကြိုဆို နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အပြန်အလှန်ပေးအပ်

နေ့လယ်စာ စားပွဲအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာလောက မာရဇိန်စေတီ ကုသိုလ်တော် မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော်သမ္မတကြီးအား သပိတ်အိုင်တောရ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာရှင်ဉာဏိဿရ (D.Litt)က စေတီတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် ဧည့်သည်တော်သမ္မတကြီးသည် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကာ စေတီတော် အင်္ဂါထောင့်ရှိ ခေါင်းလောင်းအား ထိုးပြီး စေတီတော်ပရဝဏ်ရှိ ပိဋကတ်ကျောက်စာများအား လှည့်လည်ကြည့်ရှု လေ့လာရာ သီတဂူဆရာတော်က လိုက်လံရှင်းလင်းမိန့်ကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဧည့်သည်တော် သမ္မတကြီးသည် စေတီတော် ဧည့်သည်တော် မှတ်တမ်း၌လက်မှတ်ရေးထိုးပြီး အလှူငွေများကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်ထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် သမ္မတကြီးသည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအားသွားရောက်ကြည်ညိုရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ပုနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရွှေသင်္ကန်းကပ်လှူ

ယင်းနောက် ဧည့်သည်တော်သမ္မတကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူ လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော်သမ္မတကြီးသည် အလှူတော်ငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ပုထံပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော်သမ္မတကြီးသည် ဧည့်သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အဖွဲ့ဝင်များသည် ညနေ ၅နာရီ ၃၅မိနစ်တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသူလေးများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

● ကျောက်ဖုံးမှ

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယ တရားသူကြီးချုပ် (မန္တလေး) ဦးခင်မောင်လတ်၊ ဒုတိယ ရှေ့နေချုပ် (မန္တလေး) ဦးဟန်ရှိန်၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့၊ အမှတ်(၈)နှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းမှ အကနှင့် ပန်းဖွားအဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်း အတွင်းရှိ အရေးပေါ်လူနာ လက်ခံ ကုသဆောင်သစ်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အလှူရှင် ဦးစကြီး-ဒေါ်တင်တို့ကိုယ်စား သမီး ဒေါ်သောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရေးပေါ်လူနာလက်ခံ ကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရေးပေါ်လူနာလက်ခံကုသ ဆောင်သစ် အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တည်ဆောက်လှူဒါန်း

ဖွင့်လှစ်လိုက်သော အရေးပေါ်လူနာလက်ခံကုသဆောင်သစ်သည် အလျားပေ၈၀၊ အနံပေ ၅၀ရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုသဆောင်သစ်အတွင်း၌ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ အထူးကြပ်မတ် ကုသဆောင်တို့ပါဝင်၍ အလှူရှင် ဦးစကြီး-ဒေါ်တင်တို့က ငွေကျပ်သိန်း၁၂၀၀ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အထွေထွေရောဂါကုဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပသော လူနာကုသဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး လူနာကုသဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို မန္တလေးမြို့ ၇၉လမ်း ၂၈X၂၉လမ်း အမှတ်၈၈ နေ ဒေါ်စန်းစန်း၊ ဦးမောင် မောင်ဆွေ၊ ဒေါ်ခင်ရီ၊ဒေါ်ခင်စီညွန့်မောင်နှမတစ်စုတို့က ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေး နှစ်အတွင်း မန္တလေးပြည်သူ့ဆေးရုံကြီး ဘက်စုံပြင်ဆင်မွမ်းမံထားရှိမှုနှင့်လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် အလှူရှင် ဦးစကြီး- ဒေါ်တင်တို့ ကိုယ်စား သမီး ဒေါ်သောင်းတို့က အရေးပေါ်လူနာ လက်ခံကုသဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

■ ကျောက်ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ငူ-ထန်းတပင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲယာ တစ်လျှောက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နေကြာကို သီးညှပ်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် ညောင်ပင်ကြီး ကျေးရွာအုပ်စုရှိ နွေစပါး ဧက၅၀၀ကျော် စိုက်ပျိုးဖြစ်ထွန်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ်၊ ဝတီးကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဝတီးလျှပ်စစ် မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စိုက်ပျိုးရေ အလေအလွင့်မရှိအောင် စနစ်တကျ ဖြန့်ဝေပေးရေး၊ ရေယူ အဆောက်အအုံ ဆောက်လုပ်ရေးမှာကြားကာ လုပ်ငန်းခွင်အတွင်း မြင်းကောင်ရေ ၂၅ ကောင်အားရှိမော်တာ ရှစ်လုံး 315 KVA နှင့် 300 KVA ထရန်စဖော်မာ နှစ်လုံးဖြင့် စစ်တောင်းမြစ်ရေကို လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ပင်မမြောင်းမှ တစ်ဆင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိုက်ပျိုးပြီးစီး

ပဲခူးတိုင်း(အရှေ့ပိုင်း)တွင်၂၀၀၅-၂၀၀၆ခုနှစ်၌ နွေစပါးလျာထား ဧက ၁၄၂၈၅၀ အနက် ၁၆၃၀၄၅ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၁၁၄ ဒသမ ၁၄ ရာခိုင်နှုန်း ကျော်လွန် စိုက်ပျိုးပြီးစီးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် တောင်ငူမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က ကြက်ဆူပင် အကိုင်းဖြတ်ပြုပြင်ပေးပုံ အဆင့်ဆင့်ကို လိုက်လံ ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်ဝင်းအတွင်း ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်း ၂၀၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေများလှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စုရှိ ဇီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ သက်တော်(၉၇)နှစ်ရှိ ကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်နိုင်ငံတစ်ဝန်း အိုးမဲ့အိမ်မဲ့ ခုနစ်သိန်းကျော်ရှိ

ပေကျင်း မတ် ၁၀

လွန်ခဲ့သည့်နှစ်က အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် အိုးမဲ့အိမ်မဲ့ ပေါင်း ၇၂၇၃၀၄ဦးရှိပြီး အမေရိကန်၄၀၀ တွင် တစ်ဦးမှာ အိုးမဲ့အိမ်မဲ့များဖြစ်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီ၏သတင်းပြန်ကြားရေးရုံးက ၂၀၀၅ခုနှစ် အမေရိကန်ပြည်ထောင်စု၏ လူ့အခွင့်အရေးစံချိန်စံညွှန်းကို မတ်၉ရက်က ထုတ်ပြန်လိုက်သည်။

အိုးမဲ့အိမ်မဲ့ဖြစ်

အဆိုပါကိန်းဂဏန်းမှာ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ထုတ်ဝေခဲ့သည့် ယူအက်စ်အေ တုဒေးမှရရှိသည့် ကိန်းဂဏန်းများဖြစ်သည်။

လော့စ်အိန်ဂျလိစ်သည် အိုးမဲ့အိမ်မဲ့ အမေရိကားမြို့တော်ဖြစ်လာပြီး ပျမ်းမျှ လူလေလူလွင့် သို့မဟုတ် နှစ်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်နေသူ ၃၅၀၀၀အပါအဝင် ခိုလှုံစရာမရှိသူ ၉၀၀၀၀ရှိနေကြောင်း၊ ၂၀၀၅ခုနှစ် ဇွန် ၁၆ရက် ထုတ်သည့် လော့စ်အိန်ဂျလိစ်တိုင်းမ်၏ ဆောင်းပါးကို ကိုးကား၍ သတင်းတွင် ဖော်ပြပါရှိသည်။

ဆင်းရဲသူဖြစ်

ထိုစဉ်အတွင်း အမေရိကန်ပြည်ထောင်စုရှိ သာမန်အလုပ်သမားများ၏ ဝင်ငွေသည် ဆင်းရဲသည့် လူဦးရေ တိုးမြင့်လာမှုကြောင့် သိသိသာသာ လျော့နည်းခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုသန်းခေါင်စာရင်း ဗျူရိုက ပြောကြားသည်။ ၂၀၀၃ခုနှစ်တွင် ဆင်းရဲမှုနှုန်းမှာ ၁၂ဒသမ၅ရာခိုင်နှုန်းမှ ၂၀၀၄ခုနှစ်တွင် ၁၂ဒသမ ၇ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး လူပေါင်း ၃၅ဒသမ ၉သန်းမှ ၃၇သန်းအထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤသည်မှာ အမေရိကန် ရှစ်ဦးတွင် တစ်ဦးမှာ ဆင်းရဲသူဖြစ်သည်ကို ပြဆိုနေခြင်းဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ရိုးရာ စွန်လွှတ်ပြိုင်ပွဲ



တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့ ဆောင်ဟွာမြစ်ကမ်းပေါ်၌ နဂါးပုံစွန်လွှတ်တင်ထားသည်ကို မတ် ၈ရက်က တွေ့ရစဉ်။

(ဝဲပုံ)

အဆိုပါ မြစ်ကမ်း၌ စွန်လွှတ်ပြိုင်ပွဲဝင် ၁၀၀ကျော်က စွန်ပုံစံအမျိုးမျိုး ပြုလုပ်ပြီး ပြိုင်ပွဲဝင် စွန်များကို လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲ အမျိုးအစား ၁၁မျိုးကို ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ရိုးရာ စွန်လွှတ်ပြိုင်ပွဲများကို ကျင်းပပြီး ကမ္ဘာလှည့်ခရီးသည် များ လာရောက်ရေးအတွက် ဆွဲဆောင်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်-အင်ဒိုနီးရှား ဇီဝစွမ်းအင်ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်

ဂျကာတာ မတ် ၁၀

ဂျပန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဇီဝစွမ်းအင်အသုံးပြုရေးနှင့် ရေနံအပေါ်မှီခိုအားထားမှုများလျော့နည်းစေရန် အတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာတစ်စောင်က မတ်၈ရက်၌ ဖော်ပြသည်။

ဂျပန်နိုင်ငံသည် ဇီဝလောင်စာဆီ ထုတ်လုပ်ရန် အခြေခံ ကုန်ပစ္စည်းဈေးနှုန်းများ ကြီးမြင့်မှုကြောင့် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဇီဝလောင်စာဆီထုတ်လုပ်ရန် အခြေခံကုန်ကြမ်းများ ထုတ်လုပ်ပေးရေးအတွက် ရေမြေရာသီဥတုသင့်လျော်သည့် နိုင်ငံဖြစ်သည်ဟု ဂျကာတာပို့စ်က ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်မှု

ယင်းသို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အာရှတစ်ဝန်း ဇီဝလောင်စာဆီစက်ရုံတစ်ရုံ ထူထောင်ခြင်းဖြင့် ဦးဆောင်မှုပေးလိမ့်မည်ဖြစ်ကြောင်း၊ အာရှတွင် ဇီဝကုန်ကြမ်းများ ထုတ်လုပ်ရန်နှင့် စက်ရုံအသစ်များ တည်ထောင်ခြင်းနှင့် စွမ်းအင်ဈေးကွက် ရှာဖွေရေးအတွက် ဖြစ်နိုင်ချေရှိကြောင်း အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်နိုင်ငံမှ ကမ္ဘာ့စွမ်းအင်နှင့် လောင်စာဆဲလ် မူဝါဒဆိုင်ရာ ညွှန်ကြားရေးမှူး ဟာရုဟီတို အင်န်ဒိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



နေရောင်ခြည်စက်ဝိုင်းကွင်းများ ၁၁ နှစ်အတွင်း ပို၍အားကောင်းလာမည်

ဝါရှင်တန် မတ် ၁၀

လာမည့်၁၁နှစ်တာကာလအတွင်း နေ၏ နေရောင်ခြည်စက်ဝိုင်းကွင်းများသည် လက်ရှိအနေအထားထက် ၅၀ရာခိုင်နှုန်း ပို၍အားကောင်းလာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက မတ် ၆ရက်၌ ပြောကြားသည်။

နေသည် လက်ရှိကာလတွင် လုံးဝ ငြိမ်သက်နေပြီး လာမည့် နေရောင်ခြည် စက်ဝိုင်းသည် ယခုနှစ်ကုန် သို့မဟုတ် ၂၀၀၈ခုနှစ်ထက် နောက်မကျဘဲ စတင်ဖြစ်ပေါ်နိုင်ကြောင်း သိပ္ပံပညာရှင်တို့က ပြောကြားသည်။

အားကောင်းလာ

သိပ္ပံပညာရှင်များသည် ယခင်က နေရောင်ခြည်စက်ဝိုင်း အချက်အလက်များကို လေ့လာရေးအတွက် ကွန်ပျူတာပေါ်တွင် နေရောင်ခြည် ကွင်းပုံစံလုပ်၍ အသုံးပြု လေ့လာခဲ့ကြရာလာမည့် နေရောင်ခြည်ကွင်းသည် ၃၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းကြား အားကောင်းလာမည်ဟု ဆိုသည်။

အစုအဝေးဖြစ်

နေရောင်ခြည်ကွင်းကို ၁၁နှစ်ကြာလျှင် တစ်ခါတွေ့ရတတ်ကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ နေပြောက် အရေအတွက်များလာကာ အစုအဝေးဖြစ်လာ ပြီး နေရောင်ခြည်မုန်တိုင်းများကြောင့် ဖြစ်ရသည်ဟု ဆိုသည်။



ကွန်ပျူတာဖြင့် ဖန်တီးထားသည့် နေရောင်ခြည်ကွင်း

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ဝန်း ဘီလျံနာသူဌေးများ ၇၉၃ဦးအထိရှိလာ

နယူးယောက် မတ် ၁၀

ကမ္ဘာ့အချမ်းသာဆုံးသူဌေးများ စာရင်းဝင် ဆော့ဖ်ဝဲလ် သူဌေး ဘီလ်ဂိတ်

ကမ္ဘာတစ်ဝန်းတွင် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များအရေအတွက်မှာ ၁၀၂ဦးရှိခဲ့သည်။ ၎င်းတို့မှာ ဘီလျံနာသူဌေးကြီးများဖြစ်ကြပြီး ဝင်ငွေကောင်းသူများ ဖြစ်ကြသည်။

သို့ရာတွင် လွန်ခဲ့သည့် ၂၀၀၅ခုနှစ်က ကမ္ဘာတစ်ဝန်းတွင် ဘီလျံနာသူဌေးကြီးများ ၇၉၃ဦးအထိ တိုးတက်များပြားလာခဲ့သည်။

ချမ်းသာလာ

၎င်းတို့၏ တစ်ဦးချင်း ချမ်းသာမှုမှာလည်း ၁၈ရာခိုင်နှုန်း မြင့်တက်ကာ အမေရိကန်ဒေါ်လာ ၂ဒသမ၆ထရီလီယံအထိ ချမ်းသာလာခဲ့ကြသည်ဟု ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းပြုစုသည့် ဖော်ဘက်စ်မဂ္ဂဇင်း၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် စတော့အိတ်ချ်ချိန်း ဈေးကွက် ၁၀၈ရာခိုင်နှုန်းအထိ မြင့်မားခဲ့မှုကြောင့် လည်းကောင်း၊ နိုင်ငံအချို့တွင် စတော့အိတ်ချ်ချိန်းဈေးကွက်၌ ငွေကြေးဈေးနှုန်းများ မြင့်တက်လာမှုကြောင့် လည်းကောင်း ချမ်းသာသူများ ပိုမိုပေါများလာခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

အီတလီနိုင်ငံ ပွမ်ပီမြို့ရှိ အေဒီ ၇၉ ခန့်က အဆောက်အအုံ

မတ် ၁၀

အေဒီ၇၉ခန့်က အီတလီနိုင်ငံတွင် ဗီဆူဗီးရပ်စ် မီးတောင်ကြီးမားစွာ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် မီးတောင်အနီး၌ တည်ရှိသော ပွမ်ပီမြို့ တစ်မြို့လုံး မီးတောင်ချော်များ ဖုံးလွှမ်းစီးဆင်းမှု ခံခဲ့ရသည်။

တိုးတက်ဖွံ့ဖြိုးနေ

ထိုသို့မီးတောင်ချော်ရည်များ စီးဝင်မှုကြောင့် ပွမ်ပီမြို့တစ်မြို့လုံးနီးပါး ပျက်စီးခဲ့ရပြီး လူထောင်ပေါင်းများစွာ သေကျေခဲ့ရသည်။ အဆောက်အအုံများလည်း မီးလောင်မှုခံရကာ မြို့ပျက်ကြီးတစ်ခုကဲ့သို့ ဖြစ်ပွားခဲ့ရသည်။

ယခုအခါ ပွမ်ပီမြို့မှာ အဆောက်အအုံသစ်များဖြင့် တိုးတက်ဖွံ့ဖြိုးနေသော်လည်း အချို့အဆောက်အအုံပျက်များကို သမိုင်းမှတ်တမ်းထားရှိနေဆဲပင် ဖြစ်သည်။ ထိုအဆောက်အအုံပျက်များအား မြင်တွေ့ခြင်းအားဖြင့် သဘာဝ ဘေးဒဏ်များကို လူများသတိပြုမိကြမည် ဖြစ်သည်။ **(အင်တာနက်)**

အေဒီ ၇၉ခန့်က မီးတောင်ပေါက်ကွဲမှုကြောင့် ပျက်စီးနေသည့် အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ကျောက်ကပ်ရောဂါကာကွယ်ရေး တစ်နှစ်တစ်ကြိမ် ဆေးစစ်ရန်လိုအပ်

ခတ္တမန္ဒူ မတ် ၁၀

ကျောက်ကပ်ရောဂါဖြစ်ပွားမှုများကို ကာကွယ်ရန် အနည်းဆုံး တစ်နှစ်တစ်ကြိမ် ဆေးစစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျောက်ကပ်နေ့ အခမ်းအနားကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပစဉ် တာဝန်ရှိသူများက မတ် ၉ရက်၌ ပြောကြားလိုက်သည်။

နီပေါနိုင်ငံ၌ ကျောက်ကပ်ရောဂါဝေဒနာခံစားနေရသူ ၁၀၀၀၀ခန့်ရှိကြောင်း၊ ယင်းအရေအတွက်မှာ နှစ်စဉ်ကျောက်ကပ်ဝေဒနာရှင် ၂၅၀၀မှ ၃၀၀၀အထိ တိုးလာရာမှ များပြားလာသည့် အရေအတွက်ဖြစ်ကြောင်း၊ ကျောက်ကပ်ရောဂါ နောက်ဆုံးအဆင့်ဖြစ်သူများသည် ဆက်လက်အသက်ရှင်နေထိုင်ရေးအတွက် ကျောက်ကပ်အစားထိုးကုသမှုများ ပြုလုပ်လာကြကြောင်း နီပေါအမျိုးသား ဗဟိုကျောက်ကပ်ဌာနက ပြောကြားသည်။

မတ် ၉ရက် ကြာသပတေးနေ့တွင် ကျရောက်သော ကမ္ဘာ့ကျောက်ကပ်နေ့ အခမ်းအနားတွင် နိုင်ငံတကာကျောက်ကပ်ဖောင်ဒေးရှင်းအဖွဲ့ချုပ်နှင့် နီပေါအစိုးရတို့ ပူးပေါင်းလျက် ကျောက်ကပ်ရောဂါများ လျော့နည်းလာစေရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် တစ်နှစ်လျှင် နီပေါရူပီ ၃၀၀ (အမေရိကန်ဒေါ်လာ ၄ဒသမ၂၈)သာ ကုန်ကျမည်ဖြစ်ပြီး ဘဝတစ်လျှောက်လုံး နာကျင်မှုဝေဒနာခံစားရမှုနှင့် ငွေကြေးဝန်ထုပ်ဝန်ပိုးပိခြင်းမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း နီပေါကျောက်ကပ်ဆိုင်ရာ ညွှန်ကြားရေးမှူး ကာဖလီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အပျော်စီးရွက်လှေစီးသူ ဩစတြေးလျ အမျိုးသမီးတစ်ဦး အင်ဒိုနီးရှားရေပြင်၌ ငါးရက်ကြာ မျောပါနေခဲ့

ဗန်ကောက် မတ် ၁၀

ထိုင်းနိုင်ငံကျွန်းတစ်ကျွန်းမှ ရော်ဘာလှေကလေးဖြင့် ပင်လယ်ဘက်သို့ လှိုင်းပုတ်ခံခဲ့ရပြီးနောက် ရေနှင့် အစားအစာမရှိဘဲ ငါးရက်ကြာ မျောပါခဲ့ရာ အသက် ဆက်နေနိုင်ရေးအတွက် မိမိ၏ ကျင်ငယ်ရေကို မိမိသောက်နေခဲ့ရကြောင်း အပျော်စီးရွက်လှေစီးသူ ဩစတြေးလျအမျိုးသမီးတစ်ဦးက မတ် ၇ရက်တွင် ပြောကြားသည်။

ပါ့သ်မြို့မှ ကလေးလေးယောက်၏ မိခင်ဖြစ်သူ အသက် (၅၇)နှစ်ရှိ ဒိုမီနီကာ ဘော်တေလီသည် အင်ဒိုနီးရှား ရေပြင်၌ နေပူရှိန်ဒဏ်ခံနေခဲ့ရရာမှ တရုတ် (တိုင်ပေ) ငါးဖမ်းရေယာဉ် တစ်စင်းက ကယ်တင်လိုက်ခြင်း ဖြစ်သည်။

သယ်ဆောင်လာ

နေ့ဘက်တွင် နေပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် လှေကိုကိုင်ကာ ရေကူးခတ်နေခဲ့ပြီး မိမိ၏ ကျင်ငယ်ရေကို သောက်ခဲ့ရကြောင်း သူမ၏ ပြောကြားချက်ကို ကိုးကား၍ သူမအား ငါးဖမ်းရေယာဉ်က သယ်ဆောင်လာခဲ့ရာ အပန်းဖြေစခန်း ဖူကက်ကျွန်းရှိ ဆေးရုံဝန်ထမ်းများက ပြောကြားသည်။

သူမ၏ လွန်ခဲ့သည့် ၁၈ လကပင် ဖူကက်လှေဆိပ်ရှိ သူမ၏ ရွက်လှေပေါ်တွင် နေထိုင်ခဲ့သူဖြစ်ကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ပင်လယ်ပြင်တွင် ငါးရက်ကြာမျောပါခဲ့သည့် အမျိုးသမီးအား ဆရာဝန်က ဆေးကုသစစ်ဆေးပေးနေစဉ်။

သူမသည် သွေးကို စမ်းသပ်စစ်ဆေးရာတွင် နေလောင်ဒဏ်အချို့နှင့်အတူ လျှပ်စစ်စီးဝင်နိုင်သည့်အရည်မှာ မညီမမျှဖြစ်နေသော်လည်း အပြင်ပန်းခန္ဓာကိုယ်အရ တောင့်တင်းကြံ့ခိုင်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ရိုက်တာသို့ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်း ၃၀၀၀ခန့်က ဘုရင်ရုပ်တု

အီဂျစ်နိုင်ငံမှ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ခန့်က ရုပ်တုတစ်ခု ကို တွေ့ရစဉ်။

(ယာပုံ)

အဆိုပါ ရုပ်တုကို အီဂျစ်နိုင်ငံတွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ကြေးဖြင့် ပြုလုပ်ထားသော ရှေးဟောင်း အီဂျစ်တို့၏ ဖာရိုးဘုရင်တစ်ပါး၏ ရုပ်တုဖြစ်သည်။ ၎င်းရုပ်တုသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က သွန်းလုပ်ခဲ့သော ရုပ်တုဖြစ်ပြီး သေချာစွာ သုတေသနပြုပါက ရှေးခေတ် အီဂျစ်လူမျိုးတို့၏ ယဉ်ကျေးမှုကို သိရှိနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်၌ လူဖြူများ အခွင့်အရေးပိုရနေ

ပေကျင်း မတ် ၁၀

အမေရိကန်နိုင်ငံ၏ တရားစီရင်ရေး၊ ဥပဒေအရ အတင်းအကျပ်စေခိုင်းမှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ အလုပ်အကိုင်ခန့်ထားခြင်းနှင့် အသက်မွေးမှု၊ အလုပ်အကိုင်များတွင် လူမျိုးရေးခွဲခြားမှုများသည် အလွန်ကွဲပြားခြားနားနေကြောင်း၊ ၂၀၀၅ခုနှစ် အမေရိကန် လူ့အခွင့်အရေးမှတ်တမ်း အစီရင်ခံစာကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ၏ ပြန်ကြားရေးရုံးက မတ် ၉ရက်၌ ထုတ်ပြန်ကြေညာသည်။

အမေရိကန်နိုင်ငံတွင် လူဖြူများထက် လူမည်းများအား ပြစ်မှုကျူးလွန်လျှင် ပြင်းထန်သော ပြစ်ဒဏ်များပေးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

အမျိုးသားမြို့ပြအဖွဲ့က ထုတ်ပြန်သော ၂၀၀၅ခုနှစ် အမေရိကန်လူမည်းများနှင့်ပတ်သက်သည့် ဖော်ပြချက် အစီရင်ခံစာတွင် လူဖြူများအား တစ်ကြိမ်ဖမ်းဆီးလျှင် လူမည်းများအား သုံးကြိမ်ဖမ်းဆီး၍ ထောင်ချခဲ့ကြောင်း၊ လူဖြူများထက် လူမည်းများကို သေဒဏ်လေးကြိမ်ချမှတ်ခဲ့ပြီး တူညီသော ပြစ်မှုတစ်ခုအား ပြစ်ဒဏ်ချမှတ်ရာတွင် လူဖြူများထက် လူမည်းများကို ခြောက်လပို၍ ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်လူဦးရေ၏ ၁၂ဒသမ ၂ရာခိုင်နှုန်းသည် လူမည်းများဖြစ်သော်လည်း တစ်နှစ်ထက်ကျော်လွန်သည့် ပြစ်ဒဏ်ချမှတ်၍ ဖမ်းဆီးခံထားရသူ အမေရိကန်အကျဉ်းသားများ၏ ၄၁ရာခိုင်နှုန်းသည် လူမည်းများဖြစ်သည်။

ကျန်းမာရေး စောင့်ရှောက်မှု ချို့တဲ့ခြင်းကြောင့် နှစ်စဉ် လူမည်း ၈၀၀၀၀ကျော် သေဆုံးခဲ့ရကြောင်း၊ လူလတ်ပိုင်းအမျိုးသားလူမည်းသေဆုံးနှုန်းသည် လူဖြူထက်နှစ်ဆရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်သော အမေရိကန် အလုပ်သမားရေးရာဌာနမှ အစီရင်ခံစာတွင် လူဖြူအလုပ် လက်မဲ့နှုန်း ၄ဒသမ ၃ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်လျှင် လူမည်းအလုပ်လက်မဲ့နှုန်းသည် ၁၀ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့အရှည်ဆုံး မော်တော်ကား

အဆိုပါ မော်တော်ကားကို ဂျာမနီနိုင်ငံတွင် တွေ့ရှိရပြီး မော်တော်ကားဘီး ၂၄လုံး ပါရှိသည်။ မှန်တံခါး ၃၄ပေါက် ပါရှိပြီး ဆလွန်းပုံစံ မော်တော်ကားဖြစ်သည်။ ကားဘီးများမှာ ရှေ့တွင် ခြောက်ဘီး၊ အလယ်တွင် ရှစ်ဘီးနှင့် နောက်တွင် ၁၀ဘီးပါရှိသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံသို့ရောက်ရှိရာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်) ဦးကျော်သူ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား စက်ရုံညွှန်ကြားမှု ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများက ပုံနှိပ်စက်များ အခြေအနေ၊ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုတင်စီစဉ်ထား

တင်ပြချက်များနှင့် ပတ်သက်၍ ဝန်ကြီးက မှာကြားရာတွင် ကျောင်းသုံးဖတ်စာအုပ်များ မတ်လအကုန်တွင် ရာနှုန်းပြည့် ပြီးစီးအောင် ရိုက်နှိပ်၍ ကျောင်းဖွင့်ရက်အမီ ကျောင်းသားများ၏ လက်ထဲဖြန့်ဝေရောက်ရှိရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းစီမံဆောင်ရွက်ရန်၊ ပုံနှိပ်စက်များ ပုံမှန်စက်ကြွဲခိုင်ရေးပြုလုပ်ရာတွင် စက်တစ်ခုလုံးဖြုတ်၍ အသေးစိတ်စစ်ဆေးဆောင်ရွက်ရန်နှင့် အရေးပေါ်လိုအပ်နိုင်မည့် စက်အပိုပစ္စည်းများကို အရန်သင့်ရှိရေး ကြိုတင်စီစဉ်ထားရှိရန်၊ပြည်တွင်းစက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်ပေးနိုင်မည့် ပုံနှိပ်စက်သုံးအပိုပစ္စည်းများ လုံလုံလောက်လောက် အရန်သင့်ထားရှိနိုင်ရေးအတွက်လည်း လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ ကြိုတင်အပ်နှံဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက စက်ရုံလုံခြုံရေးနှင့် ပတ်သက်၍ အဝင်အထွက်ဂိတ်များ၊ စက်ရုံအတွင်း၊ အပြင်၊ ဝန်ထမ်း အိမ်ရာများတွင် ဆောင်ရွက်ထားရှိသည့် လုံခြုံရေးစနစ်များ ဟာကွက်မရှိအောင် ကြပ်မတ် ဆောင်ရွက်ရေး၊ စက်ရုံများနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်မှုများ စနစ်တကျ ပြုလုပ်ထားရှိရေးတို့ကို အသေးစိတ်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဂျီတီစီပုံနှိပ်စက်ရုံအတွင်း ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ကြွဲခိုင်ရေး စစ်ဆေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စာပေဗိမာန်ပုံနှိပ်စက်နှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့သို့သွားရောက်၍ ကျောင်းသုံးစာအုပ်နှင့် အခြားပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပုံနှိပ်စက်ရုံ စစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လယ်ယာနှင့်ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား မလေးရှားနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Shahar-uddin Bin Md. Som သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ယုဇနဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ် ချုပ်ဆိုသည့် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ TCIL(Telecommunications Consultants India Limited)တို့အကြား မြန်မာ-အိန္ဒိယ ဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူကန်ထရိုက်စာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Hotel၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်း၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ အိန္ဒိယသမ္မတနိုင်ငံ TCILမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား စတင်ရာတွင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် အိန္ဒိယသမ္မတနိုင်ငံ TCIL ကုမ္ပဏီမှ Technical Director, Mr.P. Ganeshတို့က လုပ်ငန်းဆိုင်ရာအကြောင်းအရာတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့်အိန္ဒိယသမ္မတနိုင်ငံ TCILကုမ္ပဏီမှ Technical Director, Mr.P. Ganesh တို့သည် မြန်မာ-အိန္ဒိယဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ TCIL ကုမ္ပဏီမှ တာဝန်ရှိသူများတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ-အိန္ဒိယဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် အိန္ဒိယသမ္မတနိုင်ငံ TCIL ကုမ္ပဏီမှ Technical Director, Mr.P. Ganesh တို့ မြန်မာ-အိန္ဒိယဆက်သွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄) အမှတ် (၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၀

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါဂျာနယ်တွင် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြော ပြိုင်ပွဲကျင်းပသည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊ ညွန့်ဟန်(ကြူတော)၊ အောင်ချိန်ဘွား၊ ကြည်လင်း(ဆေး)၊ မောင်ခိုင်ကျော်(ကျောက်ဆည်)၊ ဇေယျာသန်းလွင်၊မောင်မောင်ဟန်(မကွေး)၊အေးဝေ(သရက်)၊ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ သိပ္ပံစိုးမြင့်နိုင်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ရန်ကင်းမောင်တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ကေတုနီလာ၊ ဦးထွန်းထွန်းဦး (ရန်ကုန်မြောက်ပိုင်းခရိုင်)တို့၏ကဗျာ၊ မောင်မီဒီယာ၏ ရုပ်ဝေးမြေခြားဟာသများ၊ ပြည်နယ်၊တိုင်း၊ ခရိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး ပူဇော်ပွဲ

ရန်ကုန် မတ် ၁၀

အဂ္ဂမဟာကမ္မဋ္ဌာစရိယ ဘွဲ့တံဆိပ်တော်ရ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီးအား တပည့်များက ပူဇော်ကန်တော့ပွဲကို မတ်၁၇ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်။ ပူဇော်ပွဲသို့ ယောဂီဟောင်းများ၊ ကန္တီသမထယာနိက နည်းလမ်းကို ကြားနာလိုသူများအားလုံး တက်ရောက်နိုင်ကြောင်းနှင့် စုပေါင်းနေ့ဆွမ်း ကပ်လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)က ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် လိပ်ကန်လမ်းရှိ အိုးဘိုဓမ္မာရုံတွင် မတ်၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီ အထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ၃၈လမ်း အလယ်ဘလောက်ရှိ မင်္ဂလာဓမ္မာရုံတွင် မတ် ၂၃ရက်မှ ၂၉ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲ အထိလည်းကောင်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် ဧပြီ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် ဟောပြော ပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ရက် ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းနှင့် ပြင်ပရိုက်ကူးရေးဌာန Master Control Room၊ News Studio နှင့် News Studio Control Room၊ Radio Master Control Room၊ Radio News Studioနှင့် ဓာတ်ပြားတိုက်ဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးအတွက် ထပ်မံလိုအပ်မည့်ပစ္စည်းများတပ်ဆင်ရေး၊ လုံခြုံရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူ ကြပ်မတ်ဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်တင်းဝယ်ယူရေး၊ မီးဘေးဓာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူးဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးဝင်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ထားရှိမှုများ၊ လုံခြုံရေးတာဝန်များ စနစ်တကျဆောင်ရွက်ထားမှုများနှင့် ငါးမွေးမြူရေးအတွက် ငါးကန်များ တူးဖော်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလုံခြုံရေးအတွက် စက်ရုံအတွင်း စနစ်တကျ ကြပ်မတ်စစ်ဆေးရန်လိုကြောင်း၊ မီးဘေးအန္တရာယ် ကာကွယ်ရေးကိုလည်း စနစ်တကျ ကြိုတင်ကာကွယ်ထားရန်လိုကြောင်း၊ ငါးကန်တူးဖော်မှုအခြေအနေများ စနစ်တကျဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက်ဝန်ကြီးနှင့်တာဝန်ရှိသူများသည်စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှုများ၊ စက်ရုံမိသားစုများ၏ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသော စိုက်ခင်းများ၊ စက်ရုံဟောင်းအတွင်း Medium Wave (လှိုင်းလတ်)နှင့် Short Wave (လှိုင်းတို)စနစ်များဖြင့် ရေဒီယိုအသံလွှင့်စက်များ၏ အသံလွှင့်နေမှုများ၊ စက်ရုံဝင်းအတွင်းရှိ Antenna Towerများကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ထားရှိမှုများနှင့် ငါးကန်တူးဖော်ထားမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ ညနေပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တာမိုးညဲမြို့နယ် ရန်အောင်မြင်စေတီတော်မြတ် ရေစက်ချမင်္ဂလာနှင့်ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲသို့ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်ကြည်ညိုပြီး အလှူငွေများလက်ခံရယူ

ရန်ကုန် မတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့နယ် မုံးစီးကျေးရွာ ဇိနမာန်အောင်ကုန်းတော်ရှိ ရန်အောင်မြင်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ တည်ဆောက်ပြင်ဆင်ပြီးစီးခြင်း အထိမ်းအမှတ် ရေစက်ချမင်္ဂလာနှင့် စေတီတော်အား ထာဝရထိန်းသိမ်းမွမ်းမံနိုင်ရန်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ် ၆ ရက်နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ တာမိုးညဲမြို့နယ်၊ မုံးစီးကျေးရွာ၊ ဝေဠုဝန် ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇေယျအမှူးပြုသော ပင့်သံဃာတော်ကိုးပါးတို့ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ ပြည်နယ်၊ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝတ်ရွတ်အသင်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့်ဧည့်ပရိသတ်တို့က မုံးစီးကျေးရွာ ဝေဠုဝန် ပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇေယျထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဖတ်ကြား

ဆက်လက်၍ရန်အောင်မြင်စေတီတော်မြတ်ကြီး သမိုင်းအကျဉ်းကို တာမိုးညဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးဦးထင်ကျော်က ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က မုံးစီးကျေးရွာ ဝေဠုဝန်ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇေယျထံ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စိုက်ထူလှူဒါန်း

ယင်းနောက် ရန်အောင်မြင်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ပြင်ဆင်ရေးထာဝရ ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အတွက် အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်မိသားစုက ငွေကျပ် ၁၀ သိန်းကိုပေးအပ်လှူဒါန်းကြပြီး နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စံရွှေသာက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာကိုပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တာမိုးညဲမြို့နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံအလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၀၂ သိန်းကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူးက လက်ခံသည်။

အခမ်းအနားတွင် တိုင်းမှူး၊ ဇနီးမိသားစုနှင့်အလှူရှင်များက ရန်အောင်မြင်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ပြင်ဆင်ရေး ထာဝရငွေပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၁၁၂ သိန်းကိုပေးအပ်လှူဒါန်းကြသည်။

ရေစက်ချ

ဆက်လက်၍ မုံးစီးကျေးရွာ ဝေဠုဝန် ပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇေယျက အနုမောဒနာတရားချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက်တိုင်းမှူး၊ဇနီးနှင့် တက်ရောက်လာကြသူများက ရန်အောင်မြင်စေတီတော်မြတ်ကြီး ထာဝရကုသိုလ်အဖြစ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြ၍ မုံးစီးကျေးရွာ စိမ်းလဲ့ကန်သာ ဘေးမဲ့ငါးကန်၌ ငါးများကို ငါးစာကျွေးကုသိုလ်ပြုကြသည်။

ယင်းနောက် တိုင်းမှူးသည် မုံးစီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမဆောင်၌ ကျင်းပသည့် မုံးစီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ဆရာ ဆရာမများသို့ ကျောင်းဝတ်စုံနှင့် စာရေး ကိရိယာများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေက ကျောင်း၏ ပညာသင်ကြားမှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၏ဇနီးက ကျောင်းဝတ်စုံများနှင့် ဘောပင်အချောင်း ၁၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေက လက်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထွန်တုံးပိတ်ပွဲ

ယင်းနောက် တိုင်းမှူးသည် မုံးစီးကျေးရွာ ကျေးလက် ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးရွာ၌ ကျင်းပသည့် မုံးစီးကျေးရွာအုပ်စု ၂၀၀၅-၂၀၀၆ ခုနှစ် ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါး ထွန်တုံးပိတ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးကမုံးစီး ကျေးရွာမှ ၂၀၀၄-၂၀၀၅ ခုနှစ်နွေစပါး ထူးချွန်အောင်မြင်စွာ စိုက်ပျိုးခဲ့ကြသည့် ဒေသခံ တောင်သူများနှင့် ဌာနဆိုင်ရာ ကြီးကြပ်မှု တာဝန်ခံများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ကောက်စိုက်နေ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးပညာပေးပြခန်း၌ ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်း၊ ကြက်ဆူဆီနှင့် ခြံစည်းရိုး ကြက်ဆူမျိုးစေ့ပျိုးပင်ပေါက်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား၍ ဒေသခံ တောင်သူများ၏ နွေစပါး စံပြဧက ၁၀၀ စိုက်ခင်းအတွင်း ထွန်တုံးပိတ် တပျော်တပါး ကောက်စိုက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် တိုင်းမှူးသည်တာမိုးညဲမြို့နယ် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက်တိုင်းမှူးသည် သိန်းနီမြို့ မြို့မစိုက်ကွင်း ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါး စံပြဧက ၄၄၀၀ စိုက်ခင်းသို့လည်းကောင်း အဆိုပါ မြို့မစိုက်ကွင်းအနီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်ကြီးအတွက် ဦးနေလင်းဦး-ဒေါ်ဖြူသွယ်မော်၊ သမီး-လမင်းသာဦး မွေးနေ့အလှူတို့က အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးထံသို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၃-၂၀၀၆ရက်(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓ ဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ ဟင်းရွက်ရေလှောင်တမံ
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy.

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်း သတင်းစဉ်
၁၂:၄၀ ၆။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ " Doraemon "
၁၂:၅၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၃:၀၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၃:၂၀ ၉။ ရန်ကုန် ဒဂုံတက္ကသိုလ် ရထားလမ်းသစ်နှင့် ဒဂုံတက္ကသိုလ် ဘူတာသစ်အောင်ပွဲ
၁၃:၃၀ ၁၀။ "အန္တရာယ်ကင်းစေဘေးရှင်းစေ" လူမင်း၊ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၁၃:၄၀ ၁၁။ ရွှေလောင်းတံတား
၁၃:၅၀ ၁၂။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၁၄:၄၅ ၁၃။ International News.

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use.
၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ်(သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
၁၇:၁၅ ၇။ အကပြိုင်ပွဲ
၁၇:၂၅ ၈။ မြင်းခြံ စိန်သန်းဌေးဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၁၇:၄၀ ၉။ "စက်မှု တပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီ-ဇင်ဝိုင်း၊ အကယ်ဒမီ-မင်းမော်ကွန်း၊ အကယ်ဒမီ-မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၁၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၁၅ ၁၃။ အရေးပြိုင်ပွဲ
၁၈:၄၅ ၁၄။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၉:၀၀ ၁၅။ အတီးပြိုင်ပွဲ
၁၉:၁၅ ၁၆။ (၆၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၃၀ ၁၇။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်" (အပိုင်း-၂၉)**

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကနှင့်ဆရာဆရာမများ ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ နှစ်နိုင်ငံပညာရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်

ရန်ကုန် မတ် ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Bhaskar Kumar Mitra နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမသို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့အပြင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကလည်း နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်း၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စိန်ရတုခန်းမ ဒုတိယထပ်ရှိ နီးနှောဖလှယ်ပွဲ ခန်းမ၌ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဌာနမှူးများနှင့်တွေ့ဆုံရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြန်မာနိုင်ငံ ပညာရေးကဏ္ဍတိုးတက်မှု

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပညာရေးဆိုင်ရာ အချက်အလက်စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ရန်ကုန်တက္ကသိုလ် သမိုင်းအကျဉ်းချုပ်၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ ဖွင့်လှစ်သင်ကြားမှု အစီအစဉ်များကိုလည်းကောင်း ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီးဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ရန်ကုန်တက္ကသိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံရှိ ကာလကတ္တားတက္ကသိုလ်တို့သည် ရှေးယခင်ကတည်းက ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ၏ တက္ကသိုလ်၊ ကောလိပ်များ၏ ပညာရေးနှင့် သင်ကြားမှု အခြေအနေ၊ ဒစ်ဂျစ်တယ် စာကြည့်တိုက်ထားရှိမှု၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများကိုလည်း လုပ်ငန်းခွင်နှင့်ကိုက်ညီသော သင်ကြားရေးနည်းစနစ်များဖြင့် ပညာသင်ကြားမှုအခြေအနေနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဌာနမှူးများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

လက်ဆောင်ပေး

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်ပညာရေးဆိုင်ရာ အချက်အလက်စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများ၊ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ၍ အိန္ဒိယတက္ကသိုလ်များ၏ ပညာရေးဆိုင်ရာ ဆောင်ရွက်မှု၊ သုတေသနလုပ်ဆောင်ချက်များ၊ IT အသုံးပြုမှု၊ စံပြပုဂ္ဂိုလ်များဖြစ်အောင် လမ်းကြောင်းဖော်မှု၊ Life Long Learning၊ e-Learning၊ Tele-Education၊ Digital Library များ ဆောင်ရွက်နေမှုနှင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၏ ပညာသင်ကြားမှုများနှင့် ပတ်သက်၍ ဆက်စပ်ဆောင်ရွက်မှုများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ပြန်လည်ဖြေကြား

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ကျောင်းသားကျောင်းသူများက သိလိုသည့် ပညာရပ်ဆိုင်ရာများကို ဆွေးနွေးမေးမြန်းကြရာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ပြန်လည်ဖြေကြားသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ပညာရပ်ဆိုင်ရာ စာအုပ်များကိုပေးအပ်ရာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က လက်ခံသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီးအား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ရန်ကုန်တက္ကသိုလ် ဓာတ်ပုံကို အမှတ်တရ လက်ဆောင်အဖြစ် ဂါရဝပြု ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးသည် ရန်ကုန်တက္ကသိုလ် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ နံနက် ၁၁ နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဆွေးနွေးပြောကြား

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများ၊ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံပြီး ပညာရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ တွေ့ဆုံပြီး ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၀

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်၇နာရီခွဲက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက် ကျင်းပရာ (ယာပုံ) **မဟာဝိဇယစေတီတော် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ မဟာဝိဇယစေတီ တော်မြတ်ကြီး တည်ထားကိုးကွယ်မှု၊ ဘက်စုံစည်ပင် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်း၍ လျှောက်ထားသည်။**

တက်ရောက်ကြည်ညို

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့သို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မိုး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ သာသနာရေး ဦးစီးဌာနနှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးတိုင်း ရမည်းသင်းမြို့ ဝါဆိုရပ်ကွက် ဆင်ကျုံး တောရကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကောသလ္လ၊ ပဲခူးတိုင်း(အရှေ့) ပဲခူးမြို့ ပန်းလှိုင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိပုဏ၊ ရန်ကုန်တိုင်း သန်လျင်မြို့ ဗိုလ်ချုပ်ရွာ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကာဓိဝ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြောက်ကမ္မရိုက်ကျေးရွာ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တစန္ဒောဘာသနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဓမ္မသီရိ တို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

လျှောက်ထား

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေ ဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို လျှောက်ထားကာ အစည်းအဝေးအထမြောက်ကြောင်းနှင့် ယနေ့ဆက်ကပ်ဖြန့်ဝေထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည် ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ထို့နောက်မဟာဝိဇယစေတီတော်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက မဟာဝိဇယ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှု၊ ဘက်စုံစည်ပင် ဖွံ့ဖြိုး တိုးတက်မှုတို့နှင့်စပ်လျဉ်း၍ လျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အကြံပြုဆွေးနွေး

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင် ကိုယ်စားလှယ်ဆရာတော်များက အကြံပြုဆွေးနွေးတော်မူကြရာ ရှေးဦးစွာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်း(အနောက်) ပြည်မြို့ မဟာသုဒဿနာရာမတိုက်မှ မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ သေဋ္ဌိလ၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဓမ္မရောင်ခြည် ကျောင်းမှ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဓမ္မနှင့် မန္တလေးတိုင်း သာစည်မြို့ ဓမ္မာလင်္ကာရ ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိန္ဒာစာရတို့က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း မုံရွာမြို့ ဇောင်းကြမ်းပင် ပရိယတ္တိ စာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရသီရိ၊ မကွေးတိုင်း မကွေးမြို့ သံဃာရာမ ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစိန္တာဘာသနှင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ (၉)ရပ်ကွက် ပစ္ဆိမာရုံစာသင်တိုက်မှ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစိန္တိတာလင်္ကာရတို့ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်း မြိတ်မြို့ တောကျောင်း ပရိယတ္တိ စာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ မဏိရတနာပရိယတ္တိ စာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါက ပဏ္ဍိတဘဒ္ဒန္တသောမ တို့ကလည်းကောင်း အသီးသီး အကြံပြု ဆွေးနွေးတော်မူ ကြပြီး ဒုတိယနေ့အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို မတ်၁၁ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာယနေ့တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် ဇာဂလမ်း အမှတ် ၆၀၉နေ ဦးအောင်ဒင်မိသားစုက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း သည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် မငေးကြီးကျေးရွာ ဇေတဝန်ကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာအဖွဲ့မှ မတ်၁၅ရက်မှ ၂၁ရက်အထိ ခုနစ်ရက်တရားစခန်းကို သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ကျောင်း ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက ဦးစန္ဒသီရိ (ဓမ္မာစရိယ) နှင့် တပည့် ဆရာတော်ဦးပညာသာမိ (ဓမ္မာ စရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း သစ္စာလေးပါး ဝိပဿနာ လုပ်ငန်းများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားတော်မူမည် ဟုသိရသည်။ **(က-ပ)**

ညောင်ကန်အေးသာသနာ့ရိပ်သာ သင်္ကြန်တရားအားထုတ်ပွဲ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ် ၆ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ (၂၆)ကြိမ်မြောက် သင်္ကြန်အထူးတရားအားထုတ်ပွဲကို ဧပြီ၃ရက်မှ ၁၇ရက်အထိ ၁၅ရက် တရားစခန်းကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရှင်သာမဏေအကြီး တစ်ပါး အတွက် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစုံ ကျပ်၇၀၀၀၊ရှင်အငယ်၊ ရှင်အလတ် အတွက် ကျပ်၅၀၀၀၊ ဒုလ္လဘရဟန်း တစ်ပါးအတွက် ကျပ် ၁၀၀၀၀၊ မိမိအစီအစဉ်ဖြင့် သင်္ကန်းယူလာလျှင် ရိပ်သာနှင့်လျော်ညီသော သင်္ကန်းအရောင်ဖြစ်၍ သပိတ်၊ နေရာထိုင်၊ ခါးပန်းကြိုး၊ ဒုကုဋ်နှင့်သင်္ကန်းအပို တစ်စုံပါရမည်။ အရုဏ်ဆွမ်း တစ်နပ်လျှင် ကျပ်၄၀၀၀၀၊ နေ့ဆွမ်း တစ်နပ်လျှင် ၈၀၀၀၀၊ ဖျော်ရည်လှူဒါန်းလိုပါလျှင် ကျပ်၅၀၀၀၊ ဆွမ်းစရိတ် ကျပ်၂၀၀ စသည်ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၀

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရား မျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်းတို့က အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်များနှင့်အတူ အထူးဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိ စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်ပစ္စည်း အမျိုးပေါင်း ၅၀၊ စားသောက် ကုန်ပစ္စည်း ၅၇မျိုး၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၆၉မျိုး၊ ကြွေထည်၊ မြေထည်ပစ္စည်း၇၅မျိုး၊ စက္ကူစာရေး ကိရိယာ ၂၂ မျိုး၊ လျှပ်စစ်ပစ္စည်းနှင့် အထွေထွေပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ပစ္စည်း၇၂မျိုး စုစုပေါင်း ပစ္စည်း၃၄၅မျိုးတို့ကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြသည်။

ဖွင့်လှစ်ရောင်းချ

ထို့ပြင်ဈေးပွဲတော်လာပြည်သူများ အပန်းပြေစေရန်အတွက် တေးသံရှင် များက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ နေ့စဉ် ညနေ၅နာရီမှ ည၇နာရီ အထိ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေသွားကြမည်ဖြစ်ပြီး စားသောက်ဆိုင်များ၊ ဖျော်ရည်ဆိုင်များကိုပါ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါအထူးဈေးရောင်းပွဲတော်ကို မတ်၁၉ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ည၈နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် မတ် ၁၀

ယနေ့ မြန်မာစံတော်ချိန် ၀၇နာရီ ၄၃ မိနစ် ၄၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက်မိုင် ၃၆၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (ကပ္ပလီကျွန်းစုအနီး ပင်လယ်ပြင်၊ အိန္ဒိယဒေသ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၉ အဆင့်ရှိ အင်အားအနည်းငယ် ရှိသည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်းသက်ဆိုင်ရာမှတိုင်းထွာ ရရှိသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့် ဖြေကြည့်ပဟေဠိ
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	မြစိမ်းရောင် ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း(စပါးစိုက်ပျိုးရေး)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ(ဆိတ်သားနှင့် ဒိန်ချဉ်)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	အသိဉာဏ် ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့် Patent)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	လိုင်စင်(မင်းထက်ကျော်ဇင်၊ နှင်းဝတ်ရည်သောင်း)
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	ဗွီစီဒီမိတ်ဆက် [Valentine Love Songs (II)]
၉း၄၅	သားဖွားနှင့် မီးယပ်ရောဂါများအကြောင်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မြန်မာ့အလှ ရေဆေးပန်းချီ ပြပွဲ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Art & Technology Talk
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	နိုင်ငံတကာသတင်း အကျဉ်း
၁၁း၂၅	အိုလံပစ်အားကစားချန်ပီယံများ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၄၀	ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျော်ဘီလူး တင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၆း၃၀	Birmingham-West Brom	5-Movies(Live)
၇း၁၀	Chelsea - Tottenham	5-Sports(Live)
၉း၂၅	Everton- Fulham	5-Movies(Live)
	Bolton-West Ham	5-Sports(Live)
	Sunderland-Wigan	5-Cartoons(Live)
၁၁း၄၀	Blackburn-Aston Villa	5-Sports(Live)
၂း၀၀	Final Score	5-Sports (Live)

ရွှက်နုဆင့်လောင်း မိန်ရာသီ လတပေါင်း

တကူကူ လေသံနှော
ရွှေညီ ငှက်သံ
မြေကျလျော သက်ပြန်တယ်
ရွက်ဖန်ဖန် ကြွေပြောင်း
ဖူးငုံဆင့် ပင်ထက်မှာ
စဉ်လျက်သာ ရွက်နုဆင့်လောင်း
အင်ကြင်းနှင့် ရွှေဖီငယ်
မြေမဟီ ပွင့်ကြောင်း
ကာဠုဒါ ညွှတ်ပြောင်းလို့
ခွင့်တောင်းချက် တင်ရာ
မြတ်ရှင်ပင် တပေါင်းရက်မို့
အကြောင်းဆက် မြန်းကြွလေတာ
ဘဒြပိုဒ် ဥတ္တရာငယ်
နက္ခတ္တာ တွက်ဆလို့
ဒွတ္တိံ သ ညဥ့်နာရီ
နေ့ အဋ္ဌဆီ
သာယာတဲ့ မိန်ရာသီငယ်
ချိန်ခါညီ မှတ်တမ်းမို့လေး။ ။

တပေါင်းလ၏ ရာသီပွဲတော်ကား သဲပုံစေတီပွဲဖြစ်သည်။ တပေါင်းလတွင် သဲသောင်ပြင်များ ထွန်းနေသောကြောင့် သဲကိုစုပုံ၍ စေတီအသွင်ပြုကာ ပူဇော်ပွဲကျင်းပကြခြင်းဖြစ်သည်။ ရှေးကာလက သဲကိုစုပုံ၍ စေတီပွဲပြုလုပ်ကြသော်လည်း ယခုအခါ သဲကို မစုမပုံတော့ဘဲ အုတ်စေတီ၊ ကျောက်စေတီများ၌ ပူဇော်ပွဲ ကျင်းပကြသည်။

ပူသော နွေဥတုရာသီသို့ သက်ဆင်းလျက်သွားတတ်သောကြောင့် တပေါင်းလမည်သည်ဟု ဆိုသော တပေါင်း၌ပင် ကမ္ဘာဦးအစကာလမှာ နေ၊ လ၊ နက္ခတ်၊ ကြယ်တာရာများ စတင်ပေါ်ပေါက်လာကြသည်။ ပထမ နေမင်းကြီး ထွက်ပေါ်လာပြီးနောက် ကမ္ဘာသူကမ္ဘာသားများ၏ ဆန္ဒအရ ညဥ့်အခါ မှောင်အတိကျနေ၍ "ယခုမှောင်နေသည်ဖြစ်ပါ၍ အလင်းရောင်ဆောင်သော ရွှေလမင်းကြီး ပေါ်ပေါက်လာပါလျှင် အလွန့်အလွန် ကောင်းကြမှာပါပဲ၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဆန္ဒပြည့်ကြမှာပဲ" ဟု စိတ်ဆန္ဒဖြစ်ပေါ်လာကြ၍ "စန္ဒ" "ဆန္ဒ"နှစ်မည်ရသော ငွေစန္ဒာရွှေလမင်းကြီး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ နေလတို့ ပေါ်ပေါက်လာပြီးနောက်၌ ကြယ်တာရာ နက္ခတ်များ ဖြစ်ထွန်းပေါ်ပေါက်လာကြသည်။ တပေါင်းလ၌ ထန်းပင်မှ ထွက်သော ထန်းနို့ရည်၊ ထန်းရည်များကို ကျိုချက်ပါလျှင် တင်လဲရည်၊ ထန်းလျက်ခဲ၊ ထန်းလျက်ဖြူဆုပ်များ ဖြစ်လာသည်။ ထန်းရည်ကျိုပြီး ထန်းလျက်ချက်သည်ကို အစွဲပြု၍ ထန်းလျက်ချက်သော "လ"ဟုဆိုကြသည်။

ဤသည့် တပေါင်းလ၌ လွမ်းမောဖွယ်ရာ ရွှေဩဥငှက်သံကလည်း တကူကူ လေသံနှောပြီး သာယာသော သဘောရှိသည်။ သစ်ပင်များမှာလည်း ရွက်ဟောင်းကြွေကျမြေမှာခပြီး ရွက်သစ်များထွက်၍ ဖူးကြ၊ ငုံကြ၊ ပွင့်ကြ၊ သီးကြသည်။

ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားသည် ဖွားဖက်တော် ကာဠုဒါယီမထေရ်၏ လျှောက်ထားတောင်းပန် ချက်အရ ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ခု ယခုလို တပေါင်းလ အခါသမယ တပေါင်းလပြည့်ကျော် ၁ရက်နေ့တွင် တောင်ငါးလုံးကာခို မြို့ရာဇဂြိုဟ်မှ ယူဇနာခြောက်ဆယ်ကွာဝေးသော ကပိလဝတ် ရွှေချက်တော်သိုရာ နေပြည်တော်မြို့မဟာသို့ တစ်နေ့လျှင် တစ်ယူဇနာ ခရီးဖြင့် ရက်ပေါင်း ခြောက်ဆယ်ကြာမျှ ဒေသစာရီ ကြွချီတော်မူသည်။

လူနတ်တို့၏ အားထားရာ ဘုရားမြတ်စွာသည် ဣသိဂိလိတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင်၊

ခိုင်ရွှေကြာ

ဝေဘာရတောင်၊ ဝိပုလတောင်ဟူသော တောင်ငါးလုံးကာခိုသည့် ရာဇဂြိုဟ်ပြည် ဝါးတောများခြံရံလျက်ရှိသည့် ဝေဠုဝန်ကျောင်းတော်၌ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ လေးပါးပေါင်းဖြင့်၊ မညောင်းမညာ၊ သာယာရွှင်ပြုံး၊ သီတင်းသုံးတော်မူလျက် အင်္ဂတိုင်းသားများနှင့် မဂဓတိုင်းသားများအား တရားဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးဟောကြား ဆုံးမစကား မိန့်ကြားလျက်ရှိသည်။

ဤ သတင်းစကားကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိရသဖြင့် မိမိလည်း တရားတော်များနာကြားလိုသည်။ ဘုရားရှင်အား ဖူးမြင်လိုသော အာသာဆန္ဒ ပြင်းပြလာပါသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ခေါင်းဆောင် အမတ်ကြီးဆယ်ဦးတို့ကို နောက်ပါအခြံအရံတစ်ထောင်စီဖြင့် ဆယ်ကြိမ်ခွဲကာ ရာဇဂြိုဟ်သို့ စေလွှတ်၍ ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားကို ပင့်စေပါသည်။ နောက်ဆုံးအသုတ်ကို ကာဠုဒါယီ အမတ်ကြီးက ခေါင်းဆောင်ပါသည်။ ဘုရားရှင်ကို ဖူးတွေ့ပြီး တရားတော်များကို နာကြားရသောအခါ ဘုရားပင့်သွားသူ အားလုံးသာသနာ့ဘောင်တွင် ဧဟိဘိက္ခုရဟန်းတွေချည်း ဖြစ်တော်မူကြပြီး ကပိလဝတ်နေပြည်တော်သို့ မပြန်ကြတော့ချေ။

ကာဠုဒါယီမထေရ်မှာမူ ရဟန္တာဖြစ်ပြီးနောက် တပေါင်းလ၏သာယာလှပုံ အဖုံဖုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် တပေါင်းလပြည့်နေ့တွင် ဘုရားရှင်အား လျှောက်ထားသည်။ ခမည်းတော်၏ မွေးကျေးဇူးကို သိရှိတော်မူသောအားဖြင့် ဖွားရပ်မြေ၊ ဖွားရာဇာတိ၊ ကပိလဝတ်နေပြည်တော်သို့ ကြွချီချိန်တန်ပါကြောင်းကို လျှောက်ထားတောင်းပန်ပါသည်။

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူခြင်းဖြင့် သာသနာတော်သမိုင်းတွင် ထင်ရှားသော အကျိုးဆက်များ ပေါ်ထွန်းလာရသည်။ နိဂြောဓာရုံ ကျောင်းတော်ကြီး ပေါ်ပေါက်လာရသည်။ သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နှုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿကြာဖက်မိုးကိုလည်း ရွာသွန်းစေတော်မူသည်။ ဝေဿန္တရာဇာတ်၊ မဟာဓမ္မပါလဇာတ်၊ စန္ဒကိန္နရီဇာတ်တော်များနှင့် ဗုဒ္ဓဝင်ဒေသနာတော်တို့ကိုလည်း နာကြားကြရသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်၍ မိထွေးတော် ဂေါတမီ သောတာပန် ဖြစ်သည်။ သားတော် ရာဟုလာနှင့် သာကီဝင်မင်းသား တစ်ထောင်တို့ သာသနာ့ဘောင်သို့ ဝင်ရောက်ကြသည်။ ဤသည်တို့မှာ တပေါင်းလပြည့်နေ့မှ ဖြာထွက်လာသော သာသနာ့အလင်းရောင်များဟု ဆိုနိုင်ပါသည်။

"ရွက်နုဆင့်လောင်း မိန်ရာသီ လတပေါင်း" ဆောင်းပါးကို အောက်ပါလေးချိုးငယ်ဖြင့် အဆုံးသတ်တင်ပြအပ်ပါသည်။

တပေါင်းလ မိန်ရာသီ။
ဖြူသယောင် မြူမှောင်ဆို့
လွမ်းဖို့ ဖန်ပြီ။
ရွက်သစ်နှောလို့ ရွှေဩတွန်သံချီ။
သဲစေတီအောင်ပွဲ။
ပွင့်ပေါင်းငယ်စုံ သာယာပုံဖော်ကာ
မပြနိုင်ဘူး
သော်တာလစန္ဒီနှင့် သရဖီ ဖက္ဂုပန်းငယ်
မြန်းကြွကူတွဲ။ ။

မတ်ဇရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည် တည်ဆောက်ရေးစီမံကိန်း ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား၊ မျက်ပါး ရွှေသင်္ကန်းတော်များကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ အမှတ် ၇၄ (စီ II°) အေးချမ်းသာယာရေးလမ်း အလယ်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်နေ ကွယ်လွန်သူ အဘိုး ဦးရွှေဘ-အဘွား ဒေါ်ထားခင်၊ ဖခင်ကြီး ဦးဟန်စိန်-မိခင်ကြီး ဒေါ်ခင်မြင့်၊ မောင် ကိုချစ်ညီညီ၊ ကိုချစ်ငယ်ငယ်၊ ညီမ မသန်းသန်းဝင်း တို့အား ရည်စူး၍ ဦးအောင်ကြွယ်-ဒေါ်သိန်းသိန်းဝင်း (သိန်းသန်းပလတ်စတစ်)မိသားစု ဂန္ဓမာဒနလိုဏ်ဂူပေါ်ရှိ အရံစေတီတော်အကြီးတစ်ဆူ(ကိုယ်လုံးတော်နှင့်ထီးတော်) ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်၁၈သိန်းကို ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် မြေပုံပြည်သူ့ဆေးရုံစစ်ဆေး လူနာများကြည့်ရှုအားပေး၊ ထောက်ပံ့ငွေပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃ ရက် ညနေပိုင်းက မြေပုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ရုံနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများ ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးသည် အဆိုပါဆေးရုံတွင် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများက ဒေသခံ ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများကို ကြည့်ရှုအားပေးပြီး ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ်တစ်သိန်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သို့ လှူဒါန်းငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်က မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပါရမီတောရ အရှင်ဆန္ဒာမိက ဦးဆောင်လှူဒါန်းသော အခမဲ့ မျက်စိ ခွဲစိတ်ကုသမှု အလင်းအလှူတော် လုပ်ငန်း အတွက် အလှူတော်ငွေကျပ် ၁၅ သိန်းကို ချန်ပီယံ ပေါ် ဆန်း မွေးမိ သား စု မှ ကပ္ပိယ ကိုမိုး အောင်စံထံ တက်လမ်းဆောက်လုပ်ရေး ရုံးခန်းတွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၁၃၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မွေးမြူရေး ဆေး၊ ဆေးဝါးပစ္စည်းပြပွဲနှင့် မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

ရန်ကုန် မတ် ၁၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၅ရက်နံနက်ရနာရီခွဲက မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးသို့ရောက်ရှိလာပြီး ဝန်ကြီးသည် မန္တလေးတိုင်းအတွင်းရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများက ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မန္တလေးတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း)တို့ ပူးပေါင်းကျင်းပသည့် ပဉ္စမအကြိမ်နှစ်ပတ်လည်အစည်းအဝေးနှင့် မွေးမြူရေးဆေး၊ ဆေးဝါးပစ္စည်းပြပွဲနှင့် မွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကိုမတ်၅ရက် နံနက် ၁၀နာရီတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်၊ မန္တလေးတိုင်းမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ တက်ရောက် အမှာစကားပြောကြားကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပြည်တွင်း၊ ပြည်ပ ဆေးဝါးပစ္စည်းကုမ္ပဏီများမှ ပြသထားသော ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဆေးဝါးပစ္စည်းပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ရှိ မဟာအောင်မြေ ကံတလူဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရှမ်းကန်ကြီးစားကျက်သို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် မတ်၆ရက် နံနက်ရနာရီက မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ကန်ကြီးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နွားကောင်ရေ ၃၀၀ကျော်ခန့် မွေးမြူထားရှိသော ယူနီစံ နို့စားနွားမွေးမြူရေးခြံသို့ သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူ ဦးကျော်ဟန်–ဒေါ်မိမိ၊ ဦးစိန်ရ–ဒေါ်စောညွန့်၊ ခင်ပွန်းဖြစ်သူ ဦးကျော်အောင်တို့အား ရည်စူး၍ ဇနီးဒေါ်ညွန့်ညွန့်တင် သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်းတစ်သောင်းကို ဆရာတော်အရှင်ဆန္ဒာဓိက ရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

Tourist Maps of Myanmar အခမဲ့ဖြန့်ချိ

ရန်ကုန် မတ် ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co.,Ltd. (D.P.S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်လျက် နှစ်စဉ်စောင်ရေ ၁၁၄၀၀၀၀ ကျော် စီစဉ်ပုံနှိပ် ဖြန့်ချိလျက်ရှိရာ ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-16) ကို အခမဲ့ ဖြန့်ချိနေပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

Tourist Maps of Myanmar (TMM-16) တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၏ တည်နေရာတိကျ ရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံ၏ အကူအညီနှင့် မြန်မာနိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည် ဖြစ်သည်။

D.P.Sမှ ထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်းသာမက ပြည်ပ နိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ ၂၀၀၆ ခုနှစ် မတ် ၈ ရက်မှ ၁၂ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည့် (ITB Berlin-2006)တွင် ဖြန့်ဝေပေးမည် ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင်လည်းကောင်း၊ Design Printing Services Co.,Ltd.(D.P.S)တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်သည်။ ဆက်သွယ်ထုတ်ယူ နိုင်သည့်လိပ်စာမှာ အမှတ်(၁၆၅–၁၆၇)၊ ပထမထပ်၊၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel: (95-1)20 40 20, 20 40 92 Tel/Fax: (95-1)245230ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ် သပြေပင်ကျေးရွာ အမကကျောင်းဆောင်သစ်ဖွင့် ညောင်ကျိုးတိုက်နယ်ဆေးရုံ စစ်ဆေး၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် မတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အဖွဲ့သည် မတ်၆ ရက် နံနက်ပိုင်းက အင်္ဂပူမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ ကျောင်းသူလေးများက ကမ္ပည်းမော်ကွန်းလွှာကို ရွှေကြိုးဆွဲဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ကျောင်းခန်းမအတွင်း၌ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြား၍ **(အပေါ်ပုံ)** ရပ်မိရပ်ဖတစ်ဦးနှင့် ကျောင်းအုပ်ကြီးတို့က ကျေးဇူးတင်စကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်က ကျောင်းအတွက် ငွေကျပ်လေးသိန်း လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် မယ်ဇလီကုန်းကျေးရွာ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရပ်မိရပ်ဖများနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ခန်းမတည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အလှူငွေကျပ်ငါးသိန်း လှူဒါန်းသည်။

တာဝန်ယူတည်ဆောက်

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းလှူဒါန်းသည်။ အဆိုပါကျောင်းဆောင်သစ်သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူတည်ဆောက်နေသော အလျားပေ ၁၈၀ အနံပေ ၃၀ရှိသည့် အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်ဖြစ်သည်။

ညောင်ကျိုးတိုက်နယ်ဆေးရုံ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ညောင်ကျိုးတိုက်နယ်ဆေးရုံသို့ ရောက်ရှိလာရာ တိုက်နယ်ဆရာဝန် ဒေါက်တာသန်းညွန့်က ဆေးရုံနှင့်ပတ်သက်သည်များကို ရှင်းလင်း တင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ညောင်ကျိုး အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိ၍ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပညာရေးရန်ပုံငွေအတွက် အလှူငွေများ လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ထူးကြီး–ညောင်ခြေထောက် (ရွာသာယာ–ထန်းတော)ဖြတ်လမ်းသို့ သွားရောက်စစ်ဆေးရာ ဒေသခံ ကျေးရွာရပ်မိရပ်ဖများက လိုက်လံရှင်းလင်းပြသပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ တိုက်နယ်ဆေးရုံကို ဝင်ရောက်စစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာဇော်နိုင်ဦးက လိုက်လံရှင်းလင်းပြသပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၀)ကြိမ်မြောက် ယဉ်ကျေးလိမ္မာတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒရာမကျောင်းတိုက်ကြီးတွင် ကျောင်းသားကျောင်းသူ လူငယ်များအတွက် ယဉ်ကျေးလိမ္မာတရားစခန်းကိုဖွင့်လှစ်မည်ဖြစ်ရာ ၉၊ ၁၀တန်းများအတွက် မတ်၂၈ရက်မှ ၃၁ရက်အထိ၊ (တက္ကသိုလ်) တန်းများအတွက် ဧပြီ၁ရက်မှ ၄ရက်အထိ၊ ၆၊၇၊၈ တန်းများအတွက် ဧပြီ၅ရက်မှ ၈ရက်အထိ၊ ၃၊၄၊၅ တန်းများ အတွက် ဧပြီ၉ရက်မှ ၁၂ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူ (တက္ကသိုလ်)တန်းကို မတ်၁၅ရက်တွင်လည်းကောင်း၊ ၃၊၄၊၅တန်းကို မတ်၁၇ရက်တွင်လည်းကောင်း၊ ၆၊၇၊၈ တန်းကို မတ်၂၀ရက်တွင်လည်းကောင်း၊ ၉၊၁၀တန်းကို မတ်၂၄ရက်တွင်လည်းကောင်း တစ်လက်မအရွယ် ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ ကျောင်းသားကတ်နှင့်အတူ စာရင်းပေးသွင်းခြင်းကို လက်ခံမည်ဖြစ်ရာ ဦးလှကြည် ဖုန်း–၂၄၀၄၀၀ လိုင်းခွဲ(၃၀)၊ ဦးသိန်းဝင်း(ဗိုလ်ချို) ဗဟန်း ဖုန်း–၅၄၀၀၉၂၊ ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း–၂၉၃၅၆၇၊ ရှိုင်းဟုတ်ကုမ္ပဏီ ဖုန်း–၅၁၄၇၆၈၊ ဦးဝင်းရွှေ(မော်ဘီ) ဖုန်း–၆၂၀၅၂၀နှင့် ဦးမျိုးမြင့်(ပဲခူး) ဖုန်း–၀၅၂–၂၂၁၃၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။(က–ပ)

သီတဂူအာယုဒါနဆေးရုံ မျက်စိအထူးကုသပေးမည်

ရန်ကုန် မတ် ၁၀

စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ကြီး ဦးဆောင်၍ စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါနဆေးရုံ၌ အများပြည်သူ မျက်စိဝေဒနာရှင်များအတွက် မတ်၁၇ရက်မှ မတ်၂၄ရက်အထိ ပြည်ပမျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော Dr. John Sandford-Smith၊ Dr. Andrew Frost– Louise Frost (Optometrist)တို့က မျက်စိအထူးကု အစီအစဉ်ဖြင့် ကုသပေးမည်ဖြစ်သည်။ ကြိုတင်စမ်းသပ်စစ်ဆေးမှုများကို နေ့စဉ်နံနက်ရနာရီမှ မွန်းတည့် ၁၂နာရီအထိ မျက်စိ အထူးကုဆရာဝန်များက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မတ်လအတွက်

(၁၂–၃–၂၀၀၆)ရက်နေ့

နှင့်

(၂၆–၃–၂၀၀၆)ရက်နေ့

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့မှ အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့မှ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဘက်စုံအဆောက်အအုံညှိနှိုင်းခန်းမဆောင်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံရယူသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များက အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာ စာကြည့်တိုက် မူလတန်းလွန်ကျောင်းနှင့်ဘုန်းတော်ကြီးကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမှု ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာအတွက် နှစ်ဖက်သောမိဘများကိုအမှူးထား၍ မိုးကုတ်မြို့မှ တစ်ဦးတည်းအလှူရှင် ဦးတူးမောင်–ဒေါ်ထားထားအေး မိသားစုတို့က ကျေးရွာစာကြည့်တိုက်၊ မူလတန်းလွန်ကျောင်း ဖွင့်ပွဲနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာပွဲကို မတ် ၅ ရက် နံနက်ပိုင်းတွင် ထန်းပင်ကန်ကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရွေးဦးစွာ ထန်းပင်ကန်ကျေး ရွာအတွက် အလှူရှင် ဦးတူးမောင်နှင့် ဒေါ်ထားထားအေး မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ၄၅ သိန်းတန် အောင်မင်္ဂလာစာကြည့်တိုက်ကို မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် မိတ္ထီလာခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မစိုးသူက အောင်မင်္ဂလာစာကြည့်တိုက်အတွက် သုတရသ စာအုပ်မျိုးစုံ ၂၀၀ ကို ကျေးရွာ ဥက္ကဋ္ဌ ဦးပြုံးထံသို့ ပေးအပ် လှူဒါန်းသည်။ ဆက်လက်၍ အလှူရှင် ဒေါ်ထားထားအေးက မလှိုင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့အတွက် အလှူငွေကျပ် ငါးသိန်းကို မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းထံသို့ ပေးအပ်လှူဒါန်းပြီး အလှူရှင် ဦးတူးမောင်က စာကြည့်တိုက်အတွက် ၂၁လက်မ ရုပ်မြင်သံကြားစက် တစ်လုံးနှင့် ပရိဘောဂများကို ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းမောင်ထံသို့ ပေးအပ်လှူဒါန်းသည်။

စာရွက်စာတမ်းများပေးအပ်

ဆက်လက်၍ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် အလှူရှင် ဦးတူးမောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အလှူရှင် ဦးတူးမောင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မလှိုင်မြို့နယ် ပညာရေးမှူး ဦးဗိုလ်လှိုင်ထံသို့ ပေးအပ်သည်။

အဆိုပါမူလတန်းလွန်ကျောင်းမှာ အလျားပေ ၈၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုးနံကပ်ကျောင်း ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက် ပညာသင်ကြားနိုင်သည်။ ကျောင်းဆောင်သစ်ကို အလှူရှင် ဦးတူးမောင်က ၄၅ သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် အလှူရှင်ဦးတူးမောင်တို့ မိသားစု ဆောက်လုပ်လှူဒါန်းသည့် အောင်မြင်ရတနာ ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မျိုးလွင်နှင့် အလှူရှင် ဦးတူးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးချုပ် ခင်မောင်တင်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းရေစက်ချမင်္ဂလာ အခမ်းအနားကို နှစ်ထပ်ကျောင်းဆောင်သစ်ကြီး အပေါ်ထပ်၌ ကျင်းပရာ မိတ္ထီလာမြို့ အာသောကာရုံရေလည် ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတ ဆရာတော်ကြီးနှင့် ပင့်သံဃာတော် ၁၀၈ပါးတို့ ကြွရောက်တော်မူကြသည်။

ရွေးဦးစွာ ကျောင်းဆောင်သစ် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး အလှူရှင်ဦးတူးမောင်က အောင်မင်္ဂလာစာကြည့်တိုက်၊ မူလတန်းလွန်ကျောင်းနှင့် အောင်မြင်ရတနာဘုန်းတော်ကြီးကျောင်း လှူဒါန်းရခြင်းရည်ရွယ်ချက်များကို လျှောက်ထားတင်ပြသည်။ ထို့နောက် အလှူရှင်ဦးတူးမောင်–ဒေါ်ထားထားအေးနှင့် ဧည့်ပရိသတ်များအား မိတ္ထီလာမြို့နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လာဘာဝတက အနုမောဒနာတရားချီးမြှင့်ပြီးလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နှစ်ဖက်သော မိဘများအား အမှူးထား၍ အလှူရှင် ဦးတူးမောင်နှင့် ဒေါ်ထားထားအေး မိသားစုတို့က ထန်းပင်ကန်ကျေးရွာအတွက် အောင်မြင်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ်ကို အလျားပေ ၈၀၊ အနံ ၄၅ ပေ၊ အမြင့် ၂၄ ပေရှိ မြန်မာ့ဗိသုကာလက်ရာဖြင့် အာစီနှစ်ထပ် ကျောင်းဆောင်သစ်ကို ငွေကျပ်သိန်း ၁၂၀၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကျောင်းရေစက်ချပွဲအပြီးတွင် အလှူရှင်ဦးတူးမောင် မိသားစုက ပင့်သံဃာ ၁၀၈ပါးအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် အလှူရှင်ဦးတူးမောင်နှင့် ဒေါ်ထားထားအေး မိသားစုသည် လိပ်ခွဲရွာနှင့် ထန်းပင်ကန်ရွာဆက်သွယ်သည့် ၂မိုင်၊ ၄ဖာလုံရှိ လမ်းကို ငွေကျပ်သိန်း ၄၀၀ကျော် အကုန်ကျခံ၍ ကတ္တရာလမ်းကိုလည်း ဖောက်လုပ်လှူဒါန်းခဲ့သည်။ ယခု ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ညပိုင်းတွင် ရန်ကုန်မြို့မှ တိပိဋကရေ ခမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) က တရားဓမ္မများ ဟောကြားတော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာ/ဆည်မြောင်းက ဆောက်လုပ်ရေးကိုနိုင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘောဇအသင်းသရေကျ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာ/ဆည်မြောင်းအသင်းက ဆောက်လုပ်ရေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အတန်းဆင်းရလု အခြေအနေမှ လက်ကျန်ပွဲစဉ်များ၌ ခြေစွမ်းပြနိုင်ပြီး အဆင့်မြင့်တန်း၌ ဆက်လက်ရပ်တည်ခွင့်ရရှိသွားသော လယ်ယာ/ဆည်မြောင်းအသင်းသည် ယနေ့ပွဲစဉ်၌လည်း ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ရာ ထိုက်တန်စွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လယ်ယာ/ဆည်မြောင်း အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်း၌ လူစားဝင်လာသည့် ခိုင်ထူးက ပွဲချိန် မိနစ် ၆၀ တွင် သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင်နှစ်သင်းစလုံး ပွဲကုန်သွားပြီဖြစ်ရာ ဆောက်လုပ်ရေး အသင်းက ၁၅ ပွဲ ကစား ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံး ၂၁မှတ်ဖြင့် အဆင့် (၈)၊ လယ်ယာ/ဆည်မြောင်း အသင်းက ၁၅ ပွဲကစား ငါးပွဲနိုင်၊တစ်ပွဲသရေ၊ ကိုးပွဲရှုံး၁၆ မှတ်ဖြင့် အဆင့်(၁၂) ရရှိသည်။

တစ်ဂိုးစီသရေ

လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့်ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ပထမပိုင်း၌ ဂိုးမရှိ သရေဖြစ်နေပြီး ဒုတိယပိုင်း၌ တစ်ဂိုးစီ သွင်းယူကာ တစ်မှတ်စီ ခွဲယူခဲ့ရခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်း အတွက် ဦးဆောင်ဂိုးကို စန်းမောင်က သွင်းယူပေးသည်။ ကမ္ဘောဇအသင်း အတွက် ချေပဂိုးကို ကျော်သီဟက သွင်းယူပေးသည်။ ယနေ့ပွဲစဉ်များ အပြီးတွင် နှစ်သင်းစလုံး ပွဲကုန်သွားပြီ ဖြစ်ရာ ကမ္ဘောဇ အသင်းက ၁၅ ပွဲ ကစား ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး ၂၂မှတ်ဖြင့် အဆင့်(၇)၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ၁၅ ပွဲကစား သုံး ပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံး ၁၄ မှတ်ဖြင့် အဆင့် (၁၃) ရရှိသည်။

နောက်ဆုံးပွဲစဉ်

မတ် ၁၁ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် မြန်မာ့လိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ကျင်းပမည်ဖြစ်ရာ အောင်ဆန်းအားကစား ပြိုင်ကွင်း၌ တံခွန်အသင်းနှင့် ပြည်ထဲရေးအသင်း၊ လူငယ်အား ကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လယ်ယာထွက်ကုန် အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

တိုက်ဂါး မြန်မာတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd.က အဓိက ကူညီပံ့ပိုးသော ၂၀၀၆ ခုနှစ် တိုက်ဂါးမြန်မာအပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2006)ကို မတ် ၈ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဒညင်းကုန်းရှိ ရန်ကုန် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် နိုင်နိုင်လင်းက နှစ်ရက်ပေါင်း သုံးချက်လျော့ရိုက်ပြီး(၇၀+၇၁)ပေါင်း ၁၄၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်းက (၇၄+၇၁)ပေါင်း ၁၄၅ ချက်ဖြင့် ဒုတိယ၊ ကျော်သီဟက (၇၆+၇၂)ပေါင်း ၁၄၈ ချက်ဖြင့် တတိယနှင့် ဘိုဘိုက(၇၅+၇၇)ပေါင်း ၁၅၂ ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်ပြီး၊ Co-Sponsors များအဖြစ် Air Mandalay Ltd.၊ K.M Golf Centre၊ Imperial Jade Drinking Water၊ Accel International Co.,Ltd. (Canon)၊ Yangon Golf Club နှင့် Han Golf Masters Academy တို့က အသီးသီးပါဝင်ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

လိုင်းကားအချင်းချင်း အတင်းကျော်တက်ရာမှ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ လက်အောက်ရှိ တာမွေ–မော်တင် ပြေးဆွဲသော ခရီးသည်တင် အမှတ်(၁၀၅) (အဖြူရောင်) ဒိုင်နာယာဉ်တစ်စီး လိုင်းကားအချင်းချင်း အတင်းကျော်တက်ရာမှ အရှိန်လွန်တိမ်းမှောက်မှု တစ်ရပ် ယနေ့ညနေပိုင်းတွင် ဖြစ်ပွားသည်။

တုံးလုံးလဲတိမ်းမှောက်

ဖြစ်ပွားပုံမှာ ယနေ့ညနေ ၄နာရီ မိနစ်၂၀တွင် ယာဉ်မောင်း စိုးမိုးအောင် မောင်းနှင်သော ခရီးသည်တင် အမှတ် (၁၀၅) (အဖြူရောင်) ဒိုင်နာယာဉ် အမှတ် သ/၆၄၈သည် မော်တင်ဘက်သို့အသွား ဗညားဒလလမ်း ယုဇနပလာဇာအနီးသို့အရောက်၌ စပယ်ယာ မျိုးမင်းအောင်က ရှေ့မှလိုင်းကားအချင်းချင်းကို အတင်းကျော်တက်ခိုင်းရာမှ အရှိန်မထိန်းနိုင်ဘဲ တုံးလုံးလဲတိမ်းမှောက်သွားခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် စပယ်ယာနှင့် ခရီးသည်နှစ်ဦး ဒဏ်ရာအနည်းငယ်စီ ရသွားပြီး မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း စိုးမိုးအောင်မှာ ထွက်ပြေးသွားကြောင်းနှင့် ယင်းယာဉ်တိမ်းမှောက်မှုကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ယာဉ်မှုစစ်ဌာနစုက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်ဘောလုံးပွဲများ ဆက်လက်ယှဉ်ပြိုင်မည် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အိမ်ကွင်း၌ကစားရမည်

စုစည်းတင်ဆက်သူ
သတင်းထောက်မြင့်စိုး

လန်ဒန် မတ် ၁၀

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၉)ကို မတ် ၁၁ ရက်(ယနေ့)**နှင့် မတ် ၁၂ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

အကြိတ်အနယ်ပွဲများမှာ အာဆင်နယ်နှင့် လီဗာပူး၊ ချယ်လ်ဆီးနှင့် တော့တင်ဟမ်ဟော့စပါး၊ မန်ယူနှင့် နယူးကာဆယ်အသင်းတို့၏ ယှဉ်ပြိုင်မှုများဖြစ်သည်။

လက်လွှတ်လိုက်ရ

အာဆင်နယ်အသင်းသည် လွန်ခဲ့သော သုံးရက်က နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းကိုအနိုင်ရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည့်အသင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ် ချန်ပီယံလိဂ် ရာသီတွင် အင်္ဂလန်မှ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်သည်မှာ ထူးခြားသော



မန်ယူနှင့် ဝီဂန်တို့ယှဉ်ပြိုင်ကစားရာတွင် ဝီဂန်မှ မက်ကလောက်၏ ထိုးဖောက်မှုကို ဖာဒီနန် ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အောင်မြင်မှု ရလဒ်တစ်ခု ဖြစ်သည်။ အင်္ဂလန်မှ အာဆင်နယ် တစ်သင်းသာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။ လီဗာပူးအသင်းမှာ ပေါ်တူဂီမှ ဘင်ဖီကာအသင်းကို ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ဖလားကို လက်လွှတ်လိုက်ရသည်။

အလွန်ခက်ခဲ

ပရီမီယာရှစ် ထိပ်သီးများဖြစ်ကြသည့် အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် မတ် ၁၂ရက်တွင် အဖိုးတန်သုံးမှတ်ရရှိရေးအတွက် ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။နှစ်သင်းစလုံး ခြေရည်တူအနေအထားရှိ၍ သရေပွဲဖြစ်နိုင်သည်။သို့ရာတွင် လီဗာပူးအသင်းသည် ရီးရဲမက်ဒရစ်လိုမျိုးအသင်းမဟုတ်ပေ။

အလယ်တန်းနှင့် နောက်တန်းတောင့်တင်း ခိုင်မာသည့် အသင်းဖြစ်သည်။ အာဆင်နယ်တို့အလွန်ခက်ခဲစွာကစားရမည့်ပွဲဖြစ်သည်။

ကြိုးစားရလိမ့်မည်

မတ် ၁၁ရက်တွင် နာမည်ကြီး ချယ်လ်ဆီးအသင်းနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့လည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သော သုံးရက်က စပိန် ဘာစီလိုနာအသင်းကိုရှုံးပြီး ချန်ပီယံလိဂ်မှ ထွက်သွားရပြီဖြစ်သည်။ ယင်းကဲ့သို့ အရှုံးကြောင့် မော်ရင်ဟို၏ ဖလားသုံးလုံး ရရှိရေးရည်မှန်းချက်မှ တစ်ခုပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

ပရီမီယာရှစ်ဖလားရရှိရန် ၁၅ မှတ်ကျန် အသင်းများကို ဖြတ်ထားနိုင်ပြီဖြစ်၍ ဖလားရမည်ဟု ပြောနိုင်သော်လည်း အက်ဖ်အေဖလားလုပွဲအတွက် မော်ရင်ဟို အပြောနှင့်အလုပ်ကိုက်ညီရန် ကြိုးစားရလိမ့်ဦးမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် မတ် ၂၀ ရက်တွင် နယူးကာဆယ်နှင့် ယှဉ်ပြိုင်ကစားရန်ရှိသည်။

ယနေ့ယှဉ်ပြိုင်မည့် ချယ်လ်ဆီးနှင့်စပါးတို့၏ပွဲကို သုံးသပ်ကြည့်ရာတွင် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်မှ စိတ်ပျက်လက်ပျက်ဖြစ်နေရာမှ ပြန်လည်စိတ်ဓာတ်မြှင့်တင် ကစားလိမ့်မည်ဖြစ်သည်။

အနိုင်ရရှိ

သို့ရာတွင် တော့တင်ဟမ်အသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲနေရာအတွက် ချယ်လ်ဆီးကိုစိန်ခေါ်ကစားလိမ့်မည်ဖြစ်သည်။ တော့တင်ဟမ်အသင်းသည် လွန်ခဲ့သော ပရီမီယာရှစ်ပွဲစဉ်တွင် ဘလက်ဘန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသော အသင်းဖြစ်သည်။ ချယ်လ်ဆီးက တော့တင်ဟမ်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိနိုင်သည်။

တစ်ဖန် ကားလင်းဖလား ချန်ပီယံ မန်ချက်စတာယူနိုက်တက် အသင်းသည် နယူးကာဆယ်အသင်းနှင့် မတ် ၁၂ရက်၌ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ နယူးကာဆယ်အသင်းသည် အလန်ရှီးယားနှင့် ဂလင်းရိုဒါတို့၏ ကြီးကြပ်ဆောင်ရွက်မှုကြောင့် အသင်းကောင်းတစ်သင်းဖြစ်လာသည်။ ယင်းပွဲသည် မန်ယူတို့အတွက် ဒုတိယနေရာ ဆက်ထိန်းထားနိုင်ရေးအတွက် အလွန်အရေးကြီးသောပွဲ ဖြစ်သည်။ လီဗာပူးက အာဆင်နယ်ထံမှ အလွယ်တကူ သုံးမှတ် မရရှိနိုင်သော်လည်း နယူး ကာဆယ်နှင့် အမှတ်ကွာဟမှုက မန်ယူတို့အတွက် အခွင့်အလမ်းဖြစ်စေလိမ့်မည်ဖြစ်သည်။

ခန့်မှန်း

နယူးကာဆယ်အသင်းသည်မကြာမီကမှ ခြေတက်လာသည့် အသင်းဖြစ်လာသည်။ သို့ရာတွင် ကစားသမားအချို့ အနည်းငယ် ဒဏ်ရာရရှိထားသည်။ လက်ရှိ အနေအထားအရ မန်ယူက နယူးကာဆယ်အသင်းကို နိုင်ကာ ဒုတိယနေရာ၌ ဆက်မြဲနေမည်ဟု ခန့်မှန်းရသည်။ ။

(အင်တာနက်)

ချန်ပီယံလိဂ်ပြိုင်ပွဲမှထွက်သွားရသော လီဗာပူးအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ရောက် အာဆင်နယ်နှင့်ယှဉ်ပြိုင်ကစားရန် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်ဦးဆောင်၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ မစ်ဒယ်ဘရော့က ရိုးမားအသင်းကိုအနိုင်ရရှိ

လန်ဒန် မတ် ၁၀

မစ်ဒယ်ဘရော့အသင်းနှင့် အီတလီရိုးမားအသင်းတို့သည် ယူအီးအက်ဖ်အေ ဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာ မစ်ဒယ်ဘရော့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်တက်ရောက်ရန် ပထမအကျော့ဦးဆောင်မှုကို ရရှိသွားသည်။

မစ်ဒယ်ဘရော့တို့ ပွဲစပြီး ၁၂ မိနစ်အကြာတွင် ယာကူဘူ၏ ပယ်နယ်တီဂိုးဖြင့် ဦးဆောင်ယှဉ်ပြိုင်နိုင်ခဲ့သည်။ ယင်းပယ်နယ်တီဂိုးမှာ မစ်ဒယ်ဘရော့တိုက်စစ်မှူး ဟက်ဆယ်ဘိန့်အား ရိုးမားဂိုးသမား ဂျီယန်လူကာကွာစီက ကြမ်းတမ်းစွာ ကစားခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့ခြင်းဖြစ်သည်။

လက်လွှတ်ဆုံးရှုံး

ရိုးမားတို့ ဘောလုံးပိုင်ဆိုင်မှုနည်းလာသည်။ သို့ရာတွင် ဂိုးသွင်းခွင့်ဖန်တီးနိုင်ခဲ့သည်။ မစ်ဒယ်ဘရော့တို့ ဂိုးမသွင်းမီ ဆီမိုနီပါရော့တာ အကောင်းဆုံး ဂိုးသွင်းခွင့် လက်လွှတ်ဆုံးရှုံးသွားခဲ့ရသည်။

ပိတ်ဆို့ကစား

ယင်းနောက် ရိုးမားအလယ်တန်းလူဂျူကာအဝေးမှ အမှတ်မထင် လှမ်းကန်သွင်းလိုက်ရာ မစ်ဒယ်ဘရော့ဂိုးသမား ခဝါဇာအချိန်မီ ကာကွယ်လိုက်နိုင်သည်။ ရိုးမားတို့ ချေပဂိုးရရှိရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင် ကစားလာသည်။ မစ်ဒယ်ဘရော့တို့ ကံကောင်းခြင်းများစွာဖြင့် အချိန်ကြာမြင့်စွာ ဂိုးပြန်မပေးရရေးအတွက် ပိတ်ဆို့ကစားခဲ့ရသည်။

မစ်ဒယ်ဘရော့အသင်းနှင့် ရိုးမားအသင်းတို့ ယူအီးအက်ဖ်အေဖလား ပြိုင်ပွဲတွင် မစ်ဒယ်ဘရော့မှ အင်ဒရူးဒေးဗီးစ်(၃)၏ထိုးဖောက်မှုကို ရိုးမားမှ ကူဖရီဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မစ်ဒယ်ဘရော့ နောက်တန်းကစားသမား ပိုဂါတက်ဇ်နှင့် ရစ်ဂေါ့တ်တို့အတွဲသည် ရိုးမားတိုက်စစ်မှူးများ၏ အကွက်ချကစားလာသည်ကို မနည်းဖျက်ထုတ်ကာကွယ်နေရသည်။ ရိုးမားတိုက်စစ်မှူး ပါရော့တာ၏ ဖြတ်တင်လိုက်သော ဘောလုံးကို ရစ်ဂေါ့တ် အချိန်မီဖြတ်တားနိုင်ခဲ့၍လည်း သေချာပေါက်ဂိုးများ အသွင်းမခံရခြင်းဖြစ်သည်။

ထိုအတောအတွင်း ရိုးမားကစားသမား ရူမာတင်နို အနီးကပ်သွင်းရာ ဂိုး မဝင်ဘဲ လွဲချော်သွားသည်။

ဂါနက်ဆောက်ဂိတ်သည် မစ်ဒယ်ဘရော့ နောက်တန်းကို လုံအောင်ကစားနိုင်ခဲ့သလို ကွင်းလယ်ကစားသမား ဂျော့ဂျ်ဘိုတစ်လည်း အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သည်။

သက်သာ

ရိုးမား ကွင်းလယ်ကစားသမား ဖိလစ်မီရှယ်သည် မစ်ဒယ်ဘရော့ဂိုးသမားကို လိမ်၍ ဂိုးသွင်းရန်ကြိုးစားရာ ဆောက်ဂိတ်အချိန်မီ ဘောလုံးကို ဖြတ်တားယူလိုက်သဖြင့် မစ်ဒယ်ဘရော့တို့အတွက် ဂိုးသက်သာသွားခဲ့ရသည်။ **(အင်တာနက်)**

ရွန်နေ၏ ဘောလုံးသမားဘဝ စာအုပ်အဖြစ် ထွက်ရှိလာမည်

လန်ဒန် မတ် ၁၀

အင်္ဂလန်တိုက်စစ်မှူးနှင့် မန်ယူတိုက်စစ်မှူး ရွန်နေသည် အကြီးမားဆုံး စာအုပ်ထုတ်ဝေရေးစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။



မန်ယူတိုက်စစ်မှူး ရွန်နေ

သဘောတူညီ

အသက်၂၀ အရွယ်ရှိ ရွန်နေသည် ပေါင်ငါးသန်းဖိုးရှိ အနည်းဆုံးစာအုပ်ငါးအုပ် ရေးသားရန် စာရေးဆရာ ဟာပါကောလင်းစ်နှင့် ၁၂နှစ် စာချုပ်တစ်ရပ်ကို ချုပ်ဆိုရန် သဘောတူညီခဲ့သည်။

ရွန်နေ၏ ပထမဆုံးစာအုပ်သည် ၂၀၀၆ခုနှစ် ဇူလိုင်လကုန်တွင် ထွက်ရှိလာမည်ဖြစ်သည်။ ယင်းစာအုပ်တွင် ရွန်နေ၏ ဘောလုံးကစားသမားဘဝနှင့် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ကစားမှုများ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

ယင်းစာအုပ်သည် မိမိထံမှပြည်သူများထံသို့ သိချင်သောအရာများ သိခွင့်ရရှိမည့် စာအုပ်ဖြစ်ကြောင်း ရွန်နေက ပြောကြားသည်။

ယင်းစာအုပ်သည် ရွန်နေ၏ ဘောလုံးသမားဘဝ အခြားအံ့သြဖွယ်ရာ များကိုလည်း ဖော်ပြထားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းစာအုပ်သည် လူငယ်ဘောလုံးသမားကောင်းများပေါ်ထွက်လာရေးအတွက် ရည်ရွယ်သည်ဟုဆိုသည်။

အသက်အငယ်ဆုံး

ရွန်နေသည် ၂၀၀၂ ခုနှစ်က အသက် ၁၆ နှစ်အရွယ်တွင် ပရီမီယာရှစ်အသင်းဖြစ်သော အဲဗာတန်၌ ဘောလုံးပရိသတ်နှင့် စတင် ထိတွေ့ကစားခဲ့သည်။ ၎င်းသည် အင်္ဂလန်အသင်းတွင် အသက်အငယ်ဆုံး ဘောလုံးသမားလည်းဖြစ်လာသည်။ ၂၀၀၄ခုနှစ်က အဲဗာတန်မှ မန်ယူသို့ပြောင်းရွှေ့စရိတ် ပေါင်သန်း ၂၀ ဖြင့် ရောက်ရှိခဲ့သူဖြစ်သည်။

(အင်တာနက်)

အခြားပွဲခန့်မှန်း

ဘာမင်ဂမ်	နှစ်ဂိုး	–	ဝက်စ်ဘရွန်း	တစ်ဂိုး
ဘော်လ်တန်	တစ်ဂိုး	–	ဝက်စ်ဟမ်း	ဂိုးမရှိ
အဲဗာတန်	နှစ်ဂိုး	–	ဖူဟမ်	တစ်ဂိုး
ပို့စ်မောက်	နှစ်ဂိုး	–	မန်စီးတီး	တစ်ဂိုး
ဆန်းဒါးလန်း	တစ်ဂိုး	–	ဝီဂန်	တစ်ဂိုး
ဘလက်ဘန်း	နှစ်ဂိုး	–	အက်စ်တွန်ဗီလာ	တစ်ဂိုး

(အင်တာနက်)

မင်းကိုဟန်(ခ)မောင်မင်းထွဋ်အား ရည်စူး၍ ရန်ကုန်မြို့ FMI-CITY ရွှေနှင်းဆီ(၁)လမ်းနေ ဦးဟန်ရှိန်-ဒေါ်အုန်းနုမိသားစုနှင့် Mr Gleen-မမင်းမင်းရှိန်တို့က မြောက်ဥက္ကလာပမြို့နယ် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျောင်းဆောက်လုပ်ရန် ပထမအရစ် အလှူငွေကျပ်သိန်း၇၀ကို ဆရာတော်ထံပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။ (က-ပ)

မိုးကုတ်တရားစခန်း

ရန်ကုန် မတ် ၁၀

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် သွေးဆေးကန်မူလ ကမ္ဘာအေးလေးကျောင်းတိုက်(မိုးကုတ် သံဝေဇနိယ ဓမ္မပူဇာအဖွဲ့)တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဧပြီ၃ရက်မှ ၁၇ရက်အထိ (၉)ကြိမ်မြောက် တရားစခန်းကျင်းပမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသော ယောဂီများသည်အထက်ပါကျောင်းတိုက်ဆရာတော် ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆ တို့သို့ ဆက်သွယ်၍ ဝင်ခွင့်ပုံစံများ တောင်းခံဖြည့်စွက် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သန်လျင် အထက(၁)အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ - ၂၆-၃-၂၀၀၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ
နေရာ - အထက(၁)သန်လျင်မြို့

ဆရာ ဆရာမကြီး ၉၀ကျော် ကြွရောက်မည်ဖြစ်သဖြင့် ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ပါရန်နှင့် အလှူငွေများလည်း ထည့်ဝင်နိုင်ကြောင်း အသိပေးအပ်ပါသည်။ **ဒေါက်တာဦးဝင်း(ပါမောက္ခချုပ်)**
ဖုန်း-၀၅၆-၂၁၈၇၅၊ အီးမေးလ်-eyu @ moe. edu. mm။

သီပေါဆရာတော် ပူဇော်ပွဲကျင်းပမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ခန္တီရာမ စာသင်တိုက်မှဆရာတော် ဘဒ္ဒန္တပဏ္ဍဝအား နိုင်ငံတော်မှမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ဂုဏ်ပြုချီးမြှင့်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲကို ၁၅-၃-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သီပေါသူ သီပေါသားများ အားလုံး တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

မန္တလေးစက်မှုတက္ကသိုလ် အာစရိယပူဇော်ပွဲ

မန္တလေးစက်မှုတက္ကသိုလ် First Batch ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပူဇော်ပွဲဖြစ်မြောက်ရေးအသေးစိတ် ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန်။

နေ့ရက် - ၂၆-၃-၂၀၀၆ (Sunday)
နေရာ - စပရင်းစားတော်ဆက်၊ ကန်လမ်း၊ လှိုင်မြို့နယ်
အချိန် - မွန်းလွဲ ၂နာရီ
ဆက်သွယ်ရန်-
ရန်ကုန် - (၁) ဝင်းလှဲ့ဦး (ECE) Ph;095100061
(၂) ထွန်းလင်း (ECE) 098020191
(၃) ဇော်လင်း (ECE) 095141456
(၄) နွေစိုး (Archi) 01-685399. Ex -2415
မန္တလေး - (၁) ပြည်မိုး (ME) 092004746
(၂) ရွှေဝင်းမောင် (EP) 095136683
(၃) ခင်ဝင်းလှ (Civil) 095147879
(၄) သက်မျိုးဦး (ME) 092006190
တောင်ကြီး - (၁) ခွန်အောင်ကျော်ထွန်း (ME) 095142590
(၂) သိင်္ဂီစိုး (Civil) 081;21248 Off:21479 Res

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား ၁လမ်း ငွေဝတ်မှုံရပ်ကွက် အမှတ်၇၀(ဟ)နေ ကွယ်လွန်သူ ဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း) ဒုတိယဝန်ကြီး(ငြိမ်း) ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနအားရည်စူး၍ ဇနီးဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)မိသားစုတို့က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဆေးရုံသုံးခုတင်နှင့်ဆေးပစ္စည်းများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေါ်ကြည်ကြည်လေး(ခ)ဒေါ်နာဂျာမာဘီ ၁၂/ပဇတ(နိုင်) ၀၀၀၀၃၆နှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကန်ထရိုက်တာဦးလှမြင့်နှင့်ဒေါ်ကြည်ကြည်လေး (ခေါ်) ဒေါ်နာဂျာမာဘီသည် ၆-၉-၂၀၀၂ရက်နေ့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော စာချုပ် အပိုဒ်(၁၅)အရမြေပိုင်ရှင်ဘက်မှ တစ်ဖက်သတ်ဖျက်သိမ်းခွင့်မရှိသည့်အတွက် ၆-၉-၂၀၀၂နေ့စွဲပါချုပ်ဆိုခဲ့သည့်စာချုပ်မှာ တရားဝင်အတည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးလှမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်စိုးစိုး	**ဦးအေးလွင် (မိုးဟိန်းကျော်)**
LL.B (ဥပဒေဘွဲ့)	**LL.B (ဥပဒေဘွဲ့)**
အထက်တန်းရှေ့နေ	**တရားရုံးချုပ်ရှေ့နေ**
အမှတ်၅၀၊အခန်း (E-11)	**အမှတ်၂၃၊တရုတ်ကျောင်းလမ်း**
(ပ)ထပ်၊ ဘဏ်လမ်း	**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့	

ရန်ကုန်ကလေးဆေးရုံကြီးသို့ အောက်စီဂျင်စက်များလှူဒါန်း

ရန်ကုန် မတ် ၁၀

ရန်ကုန် ကလေးဆေးရုံကြီး၌အသုံးပြုရန်အတွက် ထိုင်းနိုင်ငံ Apostolic Delegation အဖွဲ့က Oxygen Concetrators စက်များလှူဒါန်းပွဲကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးအစည်းအဝေးခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ ဘုန်းတော်ကြီး Salvatore Pennacchioက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမေရိကန်ဒေါ်လာ ၄၅၅၀၀တန်ဖိုးရှိ Oxygen Concentrators (40- Units) စက်များကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(ကျန်းမာရေးဦးစီးဌာန) ဒေါက်တာတင်ညွန့်ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

မြတ်မေတ္တာလက်မှတ်ရ သူနာပြုအကူသင်တန်း

* သူနာပြုအကူ တန်းခွဲသစ်ဖွင့်မည်။
* ဆေးဝါးအခြေခံသင်တန်းဖွင့်မည်။
* စနေ၊ တနင်္ဂနွေတန်းခွဲရှိသည်။
* အမှတ် ၁၄၆၊ ၁၅လမ်း(အထက်)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၁၅၀၆။

မြတ်စေတနာလက်မှတ်ရ သူနာပြုအကူသင်တန်း

* သူနာပြုအကူ တန်းခွဲသစ်ဖွင့်မည်။
* ကျွမ်းကျင်သူနာပြုအကူငှားသည်။
* အမှတ် ၅၄၊ စံရိပ်ငြိမ်(၄)လမ်းထိပ်၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း-၅၀၀၃၂၆။

ပြည်တွင်းပြည်ပ အလုပ်အကိုင် ကူညီသည်။

ရောင်းရန်ရှိသည်

အရည်အသွေးကောင်းသော သံချောင်းကြိုးဆစ် (Defom bar)များ ၃ပေမှ ၅ပေနှင့် ၅ပေအထက်၊ ၂၅မီလီမီတာမှ ၄၀မီလီမီတာ ရောင်းရန်ရှိသည်။
စုံစမ်းရန် ဖုန်း-၀၉၉၀-၄၂၃၆၁၊ ၀၉၅၁-၁၂၃၉၊ ၂၄၈၀၈၂။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ပန်းချီ၊ပန်းပုပြိုင်ပွဲ ဆုရရှိသူများ စာရင်းကြေညာ

ရန်ကုန် မတ် ၁၀

၂၀၀၆ ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့်(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ပန်းပုပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက ပန်းချီ၊ပန်းပု ပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပန်းချီ၊ပန်းပုပြိုင်ပွဲအဆင့်အသီးသီး၌ ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာသည်။

မူကြိုအဆင့်(ပန်းချီ)

မူကြိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မအေးငြိမ်းစံ မြို့မ အလက မူကြို ကျောက်တန်း၊ ဒုတိယ ဆုကို မောင်မင်းခန့်ဇော် မူကြို ဒဂုံမြို့သစ်တောင်ပိုင်း၊ တတိယဆုကို မမိုးသဥ္ဇာခိုင် အမျိုးသမီးအသင်း မူကြိုကျောင်း (ညောင်ပင်လေးဈေး)၊ အထူးဆုများအဖြစ် မသက်ထားဆွေ အထက(၁)ဆိပ်ငယ်ရပ် မြိတ်မြို့၊ မဆုထူးမြတ်ဆင့် မြို့မအလက မူကြို ကျောက်တန်း၊ မအေးသွယ်ဇင် ပညာရေးကောလိပ်လေ့ကျင့်ရေး မူကြို တောင်ကြီး၊ မအင်ကြင်းဖြူ လူမှုဝန်ထမ်းဦးစီးဌာန မူကြို မုံရွာ၊ မခြူးဇာလွင် အလက(၃) နောက်လယ်ရပ် မြိတ်မြို့၊ မောင်ဟိန်းဇင်စိုး အလက(၃) နောက်လယ်ရပ် မြိတ်မြို့၊ မခင်ချမ်းမြေ့ ပညာရေးကောလိပ်လေ့ကျင့်ရေး မူကြို တောင်ကြီး၊ မရွှေအိမ်စံ ပညာရေးကောလိပ်လေ့ကျင့်ရေးမူကြို တောင်ကြီး၊ မနန်းဆုလာဘ်ရတနာ မူကြို(၄) အလုံ၊ မောင်ရန်လင်းမြင့် မူကြို(၄) အလုံတို့က ရရှိကြသည်။

မူလတန်း(အငယ်)အဆင့် (ပန်းချီ)

မူလတန်း(အငယ်)အဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မအေးချမ်းပွင့်ဖြူ ပထမတန်း အထက(၁) ဒဂုံ၊ ဒုတိယဆုကို မောင်ဝင်းခန့်နိုင်ဦး ဒုတိယတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ တတိယ ဆုကို မောင်မြတ်သီဟမောင် ပထမတန်း အလက(၁) ရန်ကင်း၊ အထူးဆုများအဖြစ် မောင်ထွန်းပြည့်စုံတိုး ဒုတိယတန်း အမက(၆) ကျောက်တံတား၊ မောင်မင်းမြတ်ပြည့်စုံ ဒုတိယတန်း အထက(၂)ဒဂုံ၊ မဖြိုးဖြိုးမြတ်သူ ဒုတိယတန်း အထက(၂) ဒဂုံ၊ မစိုးရတနာ ပထမတန်း အထက(၁) ဆိပ်ငယ်ရပ် မြိတ်မြို့၊မမြတ်သရဖီကျော် ပထမတန်း အမက (၄၅) သာကေတ၊ မောင်ဟိန်းထက်အောင် ပထမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ် ၊ မောင်ဖုန်းလျှံထွန်း ဒုတိယတန်း အထက(၂) ရန်ကင်း၊ မောင်မင်းသီဟတိုး ဒုတိယတန်း အထက(၆) ဗိုလ်တထောင်၊ မသင်းဟေဒြာထွန်း ပထမတန်း အမက(၂) ကမာရွတ်၊ မောင်ထက်ဘုန်းကျော် ဒုတိယတန်း အထက(၅) ဗိုလ်တထောင်တို့က ရရှိကြသည်။

မူလတန်း(အကြီး)အဆင့် (ပန်းချီ)

မူလတန်း(အကြီး)အဆင့် ပန်းချီ ပြိုင်ပွဲတွင် ပထမဆုကို မဖူးငုံကျော် စတုတ္ထတန်း အထက(၁)ဒဂုံ၊ ဒုတိယ ဆုကို မမေထူးမြတ်မွန် စတုတ္ထတန်း မြို့မအလက ကျောက်တန်း၊ တတိယဆုကို မောင်သူရပိုင်စိုး တတိယတန်း အမက(၂၄)ပုသိမ်၊ အထူးဆုများအဖြစ် မဖြူသဥ္ဇာကျော် တတိယတန်း ရှမ်းတန်းအမက တောင်ငူ၊ မောင်ကောင်းမြတ် တတိယတန်း ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်သန်းတိုးအောင် စတုတ္ထတန်း အထက(၁၄)မန္တလေး၊ မခိုင်မေသူ တတိယတန်း၊ အလက(၁) ရန်ကင်း၊ မောင်ဝင်းမြတ်နိုင် တတိယတန်း၊ ပညာရေးတက္ကသိုလ်လေ့ကျင့် ရေးကျောင်း၊ ကမာရွတ်၊ မမေမြတ်သူ တတိယတန်း အလက(၁)ရန်ကင်း၊ မောင်ကျော်ဇော်ထက် တတိယတန်း အလက(၁)ရန်ကင်း၊ မခိုင်ဆုဇာသွင် တတိယတန်း အလက(၁)ဒဂုံ၊ မနွယ်ဦးလွင် တတိယတန်း အမက(၈) သဃ်္ဃန်းကျွန်း၊ မောင်မျိုးမြင့်ဆက် စတုတ္ထတန်း အထက(၁)ဒဂုံတို့က ရရှိကြသည်။

အလယ်တန်းအဆင့်(ပန်းချီ)

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မမြတ်သီရိမောင် သတ္တမတန်း အလက(၁)ရန်ကင်း၊ ဒုတိယဆုကို မောင်စည်သူအောင် ပဉ္စမတန်း အထက(၅)တာမွေ၊ တတိယဆုကို မောင်ထက်နိုင်လင်း ဆဋ္ဌမတန်း အထက(၁)ဒဂုံ၊ အထူးဆုများအဖြစ် မပွင့်မြတ်သူ ဆဋ္ဌမတန်း အထက(၂) လသာ၊ မရွှေရည်ဝင်းထွန်း ဆဋ္ဌမတန်း၊ အထက(၁)ကျောက်တံတား၊ မကေသန့်စင် ပဉ္စမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်ရဲရင့်နိုင်ဦး ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်နေမျိုးဦး သတ္တမတန်း အထက(၆) ဗိုလ်တထောင်၊ မအိမွန်ကျော် သတ္တမတန်း အထက(၃) ပဲခူး၊ မောင်အောင်ပိုင်စိုး ဆဋ္ဌမတန်း အထက(၃) ပဲခူး၊ မအေးမြတ်သူ ဆဋ္ဌမတန်း အထက (၂)လသာ၊ မဆုနန္ဒီထွန်းကျော် သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မနွေးရတနာထွန်း ပဉ္စမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်တို့က ရရှိကြသည်။

အထက်တန်းအဆင့်(ပန်းချီ)

အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မခိုင်မြတ်မျိုးထွန်းလင်း အဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မဆုဆုဇာ နဝမတန်း အထက(၁) ကျောက်တန်း၊ တတိယဆုကို မောင်သီဟတင် နဝမတန်း အထက(၁) ဒဂုံ၊ အထူးဆုများအဖြစ် မောင်ဖြိုးဝေထွန်း ဒသမတန်း အထက (၂) မြိတ်၊ မောင်ရဲတင့်ဘော် နဝမတန်း အထက(၂) ကမာရွတ်၊ မမေပိုးဝါဝင်းမြင့် အဋ္ဌမတန်း အထက(၂) သဃ်္ဃန်းကျွန်း၊ မခင်ချမ်းမြေ့သူ ဒသမတန်း အထက(၂) လမ်းမတော်၊ မောင်ဇင်ကိုကို ဒသမတန်း အထက (၄) အလုံ၊ မောင်ဖြိုးသက်ပိုင်ဦး အဋ္ဌမတန်း အလက(၅) သာကေတ၊ မလှရူပါအေး ဒသမတန်း အထက(၂) လမ်းမတော်၊ မောင်အောင်ကျော်ထွန်း အဋ္ဌမတန်း အထက(၅)ဗိုလ်တထောင်၊ မသဇင်သက်စုတင် အဋ္ဌမတန်း မြို့မ အလက ကျောက်တန်း၊ မောင်အောင် မြိုးစည် အဋ္ဌမတန်း အထက(၂) လှိုင်သာယာတို့က ရရှိကြသည်။

အလွတ်တန်းအဆင့်(ပန်းချီ)

အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပထမဆုကို သပြေမြင့်သိန်း ည-၁၄၀၅ ဘုမ္မာ၂၁လမ်း မြောက်ဥက္ကလာ၊ ဒုတိယဆုကို ဦးအောင်မိုး (၈၂၂) မာဃ ၁၀လမ်း ၁၂ ရပ်ကွက် တောင်ဥက္ကလာ၊ တတိယဆုကို မောင်ရဲကျော်သာ (၄၈၃/က) အောင်သပြေ ၁လမ်း ကြီးပွားရေး(တောင်) သဃ်္ဃန်းကျွန်း၊ အထူးဆုများအဖြစ် ဦးဇော်ထက် စက္ကူ ထုပ်ပိုးပြင်ထိန်း သန်လျင်၊ ဒေါ်ချိုချိုလွင် (၂၅၄) သုမနလမ်း ၁၆/၂ သဃ်္ဃန်းကျွန်း၊ မောင်အောင်မိုဃ်းစည် (၃၉၂/က)၊ ဆင်ဖြူရှင်လမ်း၊ လှိုင်သာယာ၊ ဦးသာဆိုင် စစ်ဦးစီးဌာန အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဦးမောင်မောင် (၁၉၂) အရှေ့ပိုင်း၊ ကမ်းနားလမ်း ကျောက်တန်းတို့က ရရှိကြသည်။

အလွတ်တန်းအဆင့် (ပလတ်စတာ) ပန်းပု

အလွတ်တန်းအဆင့် (ပလတ်စတာ) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို မောင်ခင်မိုးထွဋ်၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ဒုတိယဆုကို မောင်ခင်မောင်သန့် ၉၉၅၊ ငွေတောင်သစ္စာလမ်း ၃၅ ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ တတိယဆုကို မောင်ရဲကျော်စွာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ အထူးဆုအဖြစ် မောင်စိုးမင်းထွဋ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ မောင်စိုးမြင့်သူ ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ မအေးအေးအောင် ၉၉၅ ငွေတောင်သစ္စာလမ်း ၃၅ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးညီမင်း ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံး ပဲခူး၊ မောင်အောင်မိုဃ်းစည် ၃၉၂/က ဆင်ဖြူရှင်လမ်း၊ လှိုင်သာယာ တို့က ရရှိကြသည်။

အလွတ်တန်းအဆင့်(သစ်သား)ပန်းပု

အလွတ်တန်းအဆင့်(သစ်သား)ပန်းပုပြိုင်ပွဲတွင် ပထမဆုကို ကိုဇော်လတ် ဒါးပိန်၊ ဒုတိယဆုကို ဦးကိုကိုအောင် ဒါးပိန်၊ တတိယဆုကို ကိုစိုးဝင်း ဒါးပိန်၊ အထူးဆုများအဖြစ် မောင်သာသာထွန်း ဒါးပိန်၊ မောင်အောင်ကျော်လင်း သာကေတ၊ ဦးဇော်လင်း ဒါးပိန်၊ မောင်အောင်ကျော်ကျော်လင်း ဒါးပိန်၊ ဦးသိန်းဇော် ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့က ရရှိကြသည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ကျောင်းသား ကျောင်းသူများနှင့် ပန်းချီ၊ ပန်းပုပညာရှင်များသည် အထူးစိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ပေးပို့ကြရာ ပြိုင်ပွဲဝင်ပန်းချီကား စုစုပေါင်း ၁၀၃၇ကား ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပန်းပုပြိုင်ပွဲတွင် သစ်သားနှင့် ပလတ်စတာပန်းပုပြိုင်ပွဲ နှစ်ရပ်စလုံး၌ ပြိုင်ပွဲဝင်ပန်းပုရုပ်ပေါင်း ၁၃၇ ရုပ်ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း တွေ့ရှိရသည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာများသည် အနုပညာလက်ရာ အရည်အသွေး ပိုမိုတိုးတက်မြင့်မားလာသည့်အလျောက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး တပ်မတော်၏အစဉ် အလာကောင်း(၁၂)ရပ်ကို ပေါ်လွင်အောင်ဖော်ကျူး၍ ပြည်သူနှင့် တစ်သားတည်းဖြစ်သော ပြည်သူ့တပ်မတော်ကို ပေါ်လွင်ထင်ရှားအောင် ရသမြောက် ဖန်တီးရေးဆွဲထုလုပ် ယှဉ်ပြိုင်ထားကြကြောင်း တွေ့ရှိရသည်။

မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်ရှင်သန်ထက်မြက်စေရေးနှင့်တိုင်း ချစ်ပြည်ချစ်စိတ် အမျိုးသားရေးအားမာန်များကို တိုးပွားရှင်သန်စေသော လက်ရာများ ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။

ပန်းချီ၊ပန်းပု ပြိုင်ပွဲအဆင့်အသီးသီး၌ ဆုရရှိသူများအားလုံးသည် ပန်းချီပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ၊ အတွင်းရေးမှူးဦးသစ်လွင်စိုး၊ ကထိက(ပန်းချီ)၊ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-(၀၁)၅၉၀၂၆၀၊(၀၁)၅၉၀၂၆၅၊ လိုင်းခွဲ(၁၁၆)၊ (၀၁)၅၄၅၀၈၂ တို့သို့ ဆက်သွယ်၍ဖြစ်စေ သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိခင်ဘဝသရုပ်ဖော် ဆဋ္ဌဂံဇာတ်ကား ရုံငါးရုံ၌ အောင်ပွဲခံ သားသမီးအပေါ်ထားသော မိဘမေတ္တာဘွဲ့ရတနာဇာတ်ကား ရုံတင်

ရုပ်ရှင်သတင်းထောက်

ဆဋ္ဌဂံဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ရန်ကုန် မတ် ၁၀

ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ လျှမ်းထက်၊ရွှေသွေး၊ ချမ်းသာကြည်စိုး၊ ထွန်းအိန္ဒြာဗို၊ မြင့်မြင့်ခိုင်၊ စိုးမြတ်နန္ဒာ၊ ခင်ဇာခြည်ကျော်၊ မျိုးသန္တာထွန်း၊ ဆုရွှန်းလဲ့တို့ ခေါင်းဆောင်ပါဝင်ထားသော ဆဋ္ဌဂံဇာတ်ကားမှာ သမ္မတ၊ သွင်ရုံ၊ မင်္ဂလာအဆင့်မြင့်ရုံများနှင့် မန္တလေးရှိ ဝင်းလိုက်နှင့် မြို့မရုံငါးရုံတွင် အောင်ပွဲခံလျက်ရှိသည်။

ရှေ့ဆောင်ရုံတွင် King Kong ဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် The Promise ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။

နိုင်ငံခြားဇာတ်ကားများ

မြို့မရုံတွင် မင်းသား ဆန်ဂျေး ဒတ်၊ စူနီးလ်ရှက်တီးတို့ ခေါင်းဆောင် ပါဝင်ထားသော DUS အက်ရှင်ဇာတ်ကားသစ် ရုံဝင်လာသည်။ အိန္ဒိယဇာတ်ဝင်ခန်းများအပြင် ကနေဒါနိုင်ငံ ဇာတ်ဝင်ခန်းများကိုပါ လှလှပပ ရိုက်ကူးထားသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင် Hello Brother အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ဝိညာဉ် ရှင်က ရဲအရာရှိအားကူညီပြီး ဒုစရိုက်ဂိုဏ်းကြီးကို ဖော်ထုတ်လိုက်သော ဇာတ်ကား ဖြစ်သည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် ချက်ခ်နော်ရစ် ခေါင်းဆောင်ပါဝင်ထားသော Missing Action ဇာတ်ကားရုံဝင်လာသည်။ ချက်ခ်နော်ရစ် ပရိသတ် အကြိုက်တွေ့မည့် အက်ရှင်ဇာတ်ကားဖြစ်သည်။ ဆုထူးပန်ရုံတွင် အကယ်ဒမီ သုံးဆုရ Gupt အိန္ဒိယဇာတ်ကား ပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် ဘော်ဘီဒိုး၊ မင်းသမီးချောကာလ်ဂျိုးနှင့် မင်နီရှာတို့ ခေါင်းဆောင် ပါဝင်ထားသည်။

ထွန်းထွန်း၊ခိုင်သင်းကြည်၊ အရိုင်း၊ ထွန်းထွန်းဝင်းတို့ ခေါင်းဆောင်ပါဝင်ထားသော **ဂမ္ဘီရရွှေမိုး** မြန်မာအဆင့်မြင့် ဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင်ပြသလျက်ရှိသည်။

ဂမ္ဘီရ ရွှေမိုး ဇာတ် ကား မှ ထွန်း ထွန်း ၏ ဟာသ သရုပ်ဆောင်ကွက်။

ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် **မေမေ့သွေး** အဆင့်မြင့်ဗီဒီယိုဇာတ်ကား ဆက်လက်ပြသနေသည်။ ယင်းဇာတ်ကားတွင် မင်းမော်ကွန်း၊ မျိုးသန္တာထွန်းနှင့် မေကဗျာတို့ ခေါင်းဆောင် ပါဝင်ထားသည်။

ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးသည့် **မိုးသကြိန်** ဗီဒီယိုဇာတ်ကားမှာ မတ် ၂၄ရက်တွင် ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ မင်းထက်ကျော်ဇင်၊ နန္ဒာလှိုင်၊ မေကဗျာတို့ ခေါင်းဆောင် ပါဝင်ထားသည်။ သကြိန်မိုးနှင့် ဇာတ်လမ်းဆင်သော သကြိန်ဇာတ်ကားဖြစ်သည်။

မိုးသကြိန်ဇာတ်ကားမှ ကျော်ရဲအောင်နှင့်နန္ဒာလှိုင်တို့၏သကြိန်မြင်ကွင်း။

ရတနာ ရုံဝင်လာမည်

ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အိအိခိုင်၏ **ရတနာ** ဇာတ်ကားမှာ ရိုက်ကူးပြီးစီးပြီဖြစ်၍ မကြာမီ ရုံဝင်လာမည်ဖြစ်သည်။ **ရတနာ** ဇာတ် ကားတွင် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဇာဂနာ၊ ဖိုးသောကြာ၊ ပုလဲဝင်း၊ ဝိုင်းစုခိုင်သိန်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။ သားသမီးအပေါ် ထားရှိသော မိဘမေတ္တာဘွဲ့ဇာတ်ကား ဖြစ်ပြီး ကျော်သူနှင့် ထွန်းအိန္ဒြာဗိုတို့ အထူးသရုပ်ဆောင် ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှစ်ပတ်လည်အစည်းအဝေး လုပ်ငန်းလမ်းညွှန်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များရွှေဘိုမြို့၌ ရှင်းလင်း

ရွှေဘို မတ် ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး လုပ်ငန်းလမ်းညွှန်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်ကအဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးက ချမှတ်သည့်ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုမြင့်၊ ခရိုင်အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းသန်းနွယ်၊ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်မို့မို့မြင့်၊ ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သိန်းမြင့်ရီ၊ ကသာခရိုင်အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစန်းနှင့် ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ဝေဝေလွင်တို့က ဆွေးနွေးတင်ပြကြသည်။

ကြက်ဆူပင်စိုက်ပျိုး

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်နှင့်တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရွှေဘိုမြို့ ရန်ကြီးအောင် ပန်းခြံအတွင်း ပြုလုပ်ထားသော အမျိုးသမီးရေးရာ အဖွဲ့၏ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူကိုင်း ၁၀၀၀၊ ပျိုးပင် ၁၀၀၀နှင့် မျိုးစေ့၃၀၀၀တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်ပရိဝုဏ်အတွင်း ပြုပြင်တည် ဆောက်ဆဲလုပ်ငန်းများအတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ မော်လမြိုင် မြိုင်သာယာရပ် ရာဇာဓိရာဇ်လမ်း အမှတ် ၁၄၉ နေ ဦးမင်းဝေ-ဒေါ်မေမေစုမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ဇေယျာမွန်လမ်း ဂဝံခင်း

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်သော ဇေယျာမွန်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ၁၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှိုင်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စုဠဝါပါဠိငြိမ်း ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၁၀

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့လေအောင် မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင်ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းကြရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနာ့ဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်သို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ ရခိုင်ပြည်နယ်စစ်တွေမြို့ ကုန်သည်လမ်း ဓမ္မသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ကြက်ကိုင်းတန်ကျေးရွာ ကြက်ကိုင်းတန်း၅ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒာလင်္ကာရ (ပြည်နယ်သံဃနာယကဥက္ကဋ္ဌ-ရွှေကျင်)၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် သံရှင်ကျေးရွာ ဦးအောင်ကျော်ဇော-ဒေါ်မမြစိန် မိသားစု၊ ရခိုင်ပြည်နယ် မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက် ဦးကျော်သောင်း (မြေစာရင်း)-ဒေါ်မဦးဝင်းသိန်း၊ သမီး မအေးငြိမ်းစံ မိသားစု၊ မကွေးတိုင်း ချောက်မြို့နယ် ဝွေးချိုကျေးရွာအုပ်စု ရှားပင်ရွာနေ ဦးပြုံးချို-ဒေါ်ဝင်းမြင့် မိသားစုနှင့် ၎င်းကျေးရွာနေ မောင်ဌေးဦး၊ မညွှန့်ညွှန့်သိန်း မောင်နမနှစ်ဦး၊ ဒေါ်တင်တင်ဝင်းအားရည်စူး၍ မန္တလေးမြို့ ၂၈လမ်းနှင့် လမ်း၆၀ထောင့်နေ ဦးသန်းထွန်း၊ သား မောင်သန်းထိုက်၊ မောင်ကျော်ခိုင်ထွန်း မိသားစု၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျောင်းတက်လမ်းနေ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ကျော့တင်မိသားစုက ကြေးပြားတစ်ချပ်စီတို့ကို လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ၄လမ်း အမှတ်(၃၄)နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုကိုနိုင် - မသီသီမော်၊ သမီးလေးဝိုင်းဝိုင်း ပြည့်ရှစ်လပြည့် မွေးနေ့အတွက် ငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အတွင်းရေးမှူး(၂) ဦးဝင်းနိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ချမ်းအေးသာစံမြို့နယ်၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

မန္တလေး မတ် ၅

မန္တလေးတိုင်းမီးသတ်ဦးစီးဌာနက နွေရာသီမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်းများကို မြို့နယ်၊ ရပ်ကွက်နှင့် ဌာနဆိုင်ရာအလိုက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ရက်က ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် အရန်မီးသတ် စခန်းနှင့် ရပ်ကွက်အတွင်းသို့ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းနှင့်အဖွဲ့ စစ်ဆေးကြသည်။

ရှေးဦးစွာ စခန်းတာဝန်ချထားမှု၊ ဖွဲ့စည်းထားမှု၊ မီးသတ်ယာဉ်တောင့်တင်းခိုင်မာမှု၊ စခန်းဝန်းကျင်သန့်ရှင်းသာယာလှပမှုနှင့်ရုံးခန်းအနေအထားတို့ကို ကြည့်ရှု ကြသည်။ ဆက်လက်၍ ရပ်ကွက်အတွင်း မီးဘေးစိုးရိမ်ရသော မီးသတ်ယာဉ်ဝင်ထွက်သွားလာခက်ခဲမှု၊ မီးချိတ်မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှု၊ မီးဖိုမီး၊ လျှပ်စစ်မီးထားရှိမှုများကို တစ်အိမ်တက်ဆင်း စစ်ဆေးကြသည်။ **(၁၆၂)**

သီပေါဆရာတော် ဂုဏဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရသော ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ခန္တီရာမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝအား သီပေါမြို့သူ၊ မြို့သားများကမတ်၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ရေတာရှည်လမ်းဟောင်း ရွှေတိဂုံဘုရားအနီးရှိ ကမ္ဘောဇဓမ္မာရုံ၌ထပ်ဆင့်လှူဒါန်းပူဇော်မည်ဖြစ်သည်။

သီပေါမြို့သူ၊ မြို့သားများ တက်ရောက်ပူဇော်လှူဒါန်းနိုင်ကြရန်နှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းလိုသူများအနေဖြင့် ဒေါ်ခင်မေကြည် ဖုန်း-၆၉၀၁၅၄၊ ဒေါ်မာလာ ဖုန်း-၅၆၆၃၇၉၊ ဦးသန်းဌေးဦး ဖုန်း-၆၁၀၂၁၂နှင့် ဦးညီညီလတ် ဖုန်း-၃၇၁၈၀၀ လိုင်းခွဲ ၃၆၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မော်ဘီမြို့မဈေးကြီး၌ ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

ပင်းတယမြို့ မဟာစည်လမ်း ကတ္တရာလမ်းခင်း

ပင်းတယ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်သည် ဇန်နဝါရီ၁၈ရက်က အရှည် ၁၀၅၆ပေ၊ အကျယ်၁၂ပေရှိ မဟာစည်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)



တနင်္သာရီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦး တင် အောင်၊ ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ဖေဖော်ဝါရီ ၁၆ရက်က ခမောက်ကြီးမြို့ သာယာလှပရေးလုပ်ငန်းများနှင့် မြို့ဝင်ဆိုင်းဘုတ်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (နယ်စပ်/စည်ပင်)

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်-၅၇ စကားဝါလမ်း ဒဂုံမြို့နယ်တွင် ၉-၃-၂၀၀၆ရက်နေ့မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်းသို့ ၂၃-၃-၂၀၀၆ရက် မွန်းလွဲ ၂:၀၀နာရီ ထက်နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော ချိပ်ပိတ်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း) ဖုန်းအမှတ်-၃၇၁၂၈၄၊ ၃၇၁၉၆၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန။

မွေးနေ့ဆုတောင်း

၁၁-၃-၂၀၀၆ရက်တွင်ကျရောက်သော ချစ်ဇနီး **ဒေါ်ယဉ်ယဉ်စိုး**၏ (၅၁)နှစ်ပြည့် မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ဦးဝင်းချိန် DGM (မြန်မာ့သစ်လုပ်ငန်း)
မိမိဝင်းချိန် B.Sc (Physics)
မြယဉ်ချိန် B.A (English)
တင်နီလာချိန် Mechatronic (NgeeAnn Polytechnic)
ယွန်းငယ်ငယ်ချိန် 1st Year (Japanese)YUFL.

ရွှေမိသားစုထမင်းဆိုင်လုပ်ငန်းအတွက် ပြန်လည်ရှင်းလင်းခြင်း

ရန်ကုန်၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း၊ အမှတ် ၁၇၃ရှိ ရွှေမိသားစုထမင်းဆိုင်ပိုင်ရှင်ဦးပေါကြွယ် ၁၂/ပဘတ (နိုင်)၀၀၆၃၉၉ (TTE-၀၅၀၂၇၂) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂-၃-၂၀၀၆ရက်နှင့် ၃-၃-၂၀၀၆ ရက်နေ့တို့ထုတ် မြန်မာ့အလင်းနေ့စဉ်သတင်းစာတွင် ဦးတင်ရွှေ (TTE-၀၀၁၁၃၆)က **ရွှေမိသားစု** အမည်အား တစ်ဦးတည်းမူပိုင်အဖြစ် ကြေညာခဲ့ခြင်းမှာ မမှန်မကန် ကြေညာခြင်းသာ ဖြစ်ပါသည်။

ရွှေမိသားစုအမည်နှင့် ထမင်းဆိုင် လုပ်ငန်းကို ဦးပေါကြွယ်နှင့် ဦးတင်ရွှေတို့၏ဖခင် ဦးအီစွတ်(ခ)ဦးရီစဖူးက စတင်ဖွင့်လှစ် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကာ ၁၉၉၁ခုနှစ်တွင် ဦးအီစွတ် ကွယ်လွန်ပြီးနောက် ဦးပေါကြွယ်မှ ဆက်လက်လုပ်ကိုင်ခဲ့လျက် ယခုလည်း အမှတ် ၁၇၃ (မြေညီထပ်) ၂၉လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်တွင် တရားဝင်ဖွင့်လှစ်ထားရှိပါသည်။

ဖခင် ဦးအီစွတ်ပိုင် ကျန်ရစ်ပစ္စည်းများအတွက် ဦးအီစွတ်၏ သားသမီးခြောက်ဦးစလုံး အမွေမှု ယခုဖြစ်ပွားလျက်ရှိရာ ရန်ကုန်တိုင်းတရားရုံးတော် ၏ ၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၇၆၅ဖြစ်ပြီး ယင်းအမှုတွင် **ရွှေမိသားစု** နှင့် **ရဲမျက်မှန်** မူပိုင်ခွင့်တို့မှာ ဦးအီစွတ် ကျန်ရစ်ပစ္စည်းအဖြစ် တရားလိုဘက်မှ ထွက်ဆိုတင်ပြထားရာ ယင်းတရားမကြီးမှုကို ရုံးတော်မှစစ်ဆေးဆဲဖြစ်ပြီး ဆုံးဖြတ်ခြင်း မပြုရသေးမီ အမှုမှတရားပြိုင်(၄)ဖြစ်သော ဦးတင်ရွှေက ယခုကဲ့သို့ ကြေညာခြင်းသည် တရားရုံးတော်အား မထီမဲ့မြင် ပြုရာရောက်သည့် ကြေညာချက်သာဖြစ်ကြောင်း အများသိရှိနိုင်ပါရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးပေါကြွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထိုက်(LL.B)အထက်တန်းရှေ့နေ
တိုက် ၁၀၊ အခန်း ၅၊ နှင်းဆီကုန်းအိမ်ရာ၊
(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁ တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါအခန်းအား တိုက်ခန်းပိုင်ရှင်မှ (တိုက်ခန်းစာချုပ်၊ လွှဲပြောင်းလွှာ)ပျောက်ဆုံး၍ မူရင်းပြန်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှတိုက်ခန်းစာချုပ်/လွှဲပြောင်းလွှာ မူရင်းအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများကန့်ကွက်လိုပါက ၁၅ရက် အတွင်း ကုမ္ပဏီသို့လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အခန်းအမှတ်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်
1	29-A5	ဦးဆလိုင်းရီယန်းဗာလ်	၁၂/ကမရ(နိုင်)၀၄၆၉၂၁

တော်ဝင်မိသားစုကုမ္ပဏီ၊ အမှတ်(၃၅၅)၊
ဦးဝိစာရလမ်း၊စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းကြီးလမ်း အမှတ်(၁၁)နေ ဦးကျော်ဇော ၁၂/အစန (နိုင်)၀၁၄၅၃၂သည် မော်တော်ယာဉ်အမှတ် (ဒ/၁၁၇၀) MAZDA 323အမျိုးအစားကို ၈-၁၁-၂၀၀၅ရက်စွဲပါ စာချုပ်အရ ပိုင်ရှင် ဦးမြင့်သိန်းဦးထံမှ ဝယ်ယူခဲ့ရာ အဆိုပါကားမှာ ဦးစိုးလွင်ဆိုသူထံမှ ကားအချင်းချင်းအလိုက်ပေး၍ လဲလှယ်ပိုင်ဆိုင်ထားကြောင်း ၂၇-၁၀-၂၀၀၅ရက်စွဲပါ စာချုပ်အရ သိရှိထားပြီးဖြစ်ပါသည်။ အဆိုပါ မော်တော်ယာဉ်အမှတ်(ဒ/၁၁၇၀)နှင့်ပတ်သက်၍ ထပ်မံ၍ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ကညနတွင် အမည်ပြောင်းခြင်းနှင့် ပတ်သက်၍ ကျွန်တော်၏သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဆောင်ရွက်ပါက ဆောင်ရွက်သူ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကျော်ဇော။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပန်းဘဲတန်းမြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည် ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထား လာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက် လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက်အမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၇၇၀၃	ဒေါ်အိမွန်ဆွေဇော် ၁၂/ကတတ(နိုင်) ၀၂၇၉၉၁	တိုက်-၁၂၄၊၄-ထပ် ယာခန်း ၂၅လမ်း၊ ပန်းဘဲတန်း
၂။	ဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၇၇၀၃	ဒေါ်စကီနာ ၁၂/ကတတ(နိုင်) ၀၁၄၉၂၄	တိုက်-၁၂၄၊ ၄-ထပ် ဝဲခန်း၊ ၂၅လမ်း၊ ပန်းဘဲတန်း

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန် သတိပေးကြေညာချက်

ဦးသန့်ဇင်ဦး ၁၂/သဃက(နိုင်)၁၃၆၅၃၄နှင့် ဒေါ်နီလာအောင် ၁၂/သဃက(နိုင်)၀၃၇၀၄၉တို့၏ ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

ဦးသန့်ဇင်ဦးနှင့် ဒေါ်နီလာအောင်တို့သည် ၃၀-၈-၂၀၀၂ရက်၌ သဃ်န်းကျွန်းမြို့နယ်ရှိ စိန့်ဂျိုးဇက်ဘုရားကျောင်းတွင် တရားဝင်လက်ထပ်ခဲ့၍ ၃၀-၈-၂၀၀၂ ရက် ညနေ၌ ရှမ်းကန်(၃)တွင် ဧည့်ခံပွဲ ပြုလုပ်ခဲ့ကြပါသည်။

၃၀-၈-၂၀၀၂ရက်မှစ၍ ဦးသန့်ဇင်ဦးနှင့် ဒေါ်နီလာအောင်တို့သည် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ ယနေ့တိုင် ဖြစ်ပါသည်။

ဦးသန့်ဇင်ဦးနှင့် ဒေါ်နီလာအောင်တို့ ဇနီးမောင်နှံ၏ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး ကိစ္စများနှင့် ပတ်သက်၍ မည်သူမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်စန်းချိုဦး:**LL.B.,D.B.L** — **ဒေါ်လဲ့လဲ့ရီ B.A.,LL.B.,D.B.L.,D.M.L**
ဒေါ်သီဂီဝင်း LL.B.,D.B.L,D.M.L — **တရားရုံးချုပ်ရှေ့နေ (စဉ် ၂၄၁၀)**
ဒေါ်ခင်ချို LL.B — **၈၃/၁၁ ပန်းဆိုးတန်း**
အထက်တန်းရှေ့နေများ — **ဖုန်း-၅၃၅၆၇၃၊ ရုံးဖုန်း-၃၇၇၂၇၆။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လလ/၁၂၉၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(လှိုင်လင်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(လှိုင်လင်)။

ကန့်ကွက်ရန် ကြော်ငြာ

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (အယ်လ်-၁၉) ၆၇ မြေကွက်အမှတ် ၃၃၄+၃၃၅ အမည်ပေါက် ဦးဝင်းနိုင်ဦး(ခ) ဦးရဲအောင်၏ မြေကွက်အား ဒဂုံတောင်ပိုင်း မြေတိုင်းရပ်ကွက်အမှတ် ၁၄၁/၂ မြေကွက်အမှတ် ၁၀၇/၁၀၈သို့ အစားထိုးချထားရာတွင် ပြန်လည်အပ်နှံရမည့် မြေကွက်အမှတ် (အယ်လ်-၁၉)၆၇ (၃၃၄+၃၃၅)၏ မြေချပါမစ်မှာ ပျောက်ဆုံးသွားပါ၍ ပါမစ်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက ပြန်အပ်ရမည့်ပါမစ်အား ပယ်ဖျက်ပြီး ဒဂုံတောင်ပိုင်း မြေတိုင်းရပ်ကွက် ၁၄၁/၂ မြေကွက်အမှတ် ၁၀၇-၁၀၈ ကို ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဖေဖော်ဝါရီ ၁၀ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ရှမ်းစုဆင်ဖြူ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဦးခေမာစာရ (ဒွိပိဋကဓရ) အား မော်လမြိုင်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးမှူး ဦးသန့်ဇင်က သာ သ နာ ဝင် လက်မှတ် ဆက်ကပ်စဉ်။ (က-ပ)

ဆားကျင်းတောင်စေတီလေးဆူနှင့်ရုပ်ပွားတော် ရွှေထီးတော်နှင့် အနေကဇာတင်လှူပွဲကျင်းပမည်

ကြို့ပင်ကောက် မတ် ၆

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးကောဝိဒ၏ ဩဝါဒကိုခံယူ၍ ရွှေတောင်မြို့ ဆားကျင်းတောင်ထိပ် စေတီတော်လေးဆူနှင့် ရုပ်ပွားတော် နဂါးရုံဘုရားများအား ရွှေထီးတော်တင်ပွဲနှင့်အနေကဇာတင်လှူပွဲကို ကမ္ဘာ့သာသနာပြုမိုးကုတ်ဓမ္မကထိက အရှင်ဝိမလဝံသ(ရွှေသိဒ္ဓိအောင်)အပ်ချုပ်မှူးဆရာတော်ကိုယ်တိုင် တပေါင်းလပြည့်နေ့ နံနက် ၆နာရီခွဲမှ ၉နာရီ ၄၅မိနစ်အတွင်း ရွှေထီးတော်ကပ်လှူပူဇော်မည် ဖြစ်သည်။

လှူဒါန်း

အဆိုပါ စေတီလေးဆူနှင့်ရုပ်ပွားတော်များအတွက် မတည်လှူဒါန်းသော အလှူရှင်များမှာ ရွှေသိဒ္ဓိအောင် သာသနာပြုအဖွဲ့မှ ဦးအောင်လင်း-ဒေါ်ခင်မာချို၊ ဦးအေးလွင်-ဒေါ်ခင်သန်းငွေ၊ ကြို့ပင်ကောက်မြို့ ရွှေသိဒ္ဓိအောင် သာသနာပြုအဖွဲ့မှ ဦးသိန်းထွန်း-ဒေါ်တင်တင်မြင့်မိသားစု၊ ဦးလှမြင့်-ဒေါ်တင်တင်ရီ မိသားစု၊ မှူခင်းဆရာဝန်ကြီး ဒေါက်တာ မြတ်မော်-ဒေါ်ကြည်ကြည်သန်း၊ ရန်ကုန်မြို့ ဦးအောင်သန်းဂေါပကအဖွဲ့မိသားစု၊ ရွှေတောင်မြို့ ဦးလှိုင်ကြည်-ဒေါ်လှိုင်၊ သမီး ဒေါ်မြင့်မြင့်သန်း၊ ဒေါ်နှင်းနှင်းရီ မိသားစု ရွှေတောင်မြို့နှင့် မခင်နှင်းဖြူ၊ မညိုညို ရွှေတောင်မြို့တို့က လှူဒါန်းကြကြောင်း သိရသည်။ (၀၄၀)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူးဦးကျော်ဇေယျတို့ ဇန်နဝါရီ ၂၈ရက်က မူဆယ်မြို့အဝင် မြို့ပတ်လမ်းတွင် မြို့သာယာလှပရေး လုပ်ငန်းများနှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးတိုးချဲ့စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ ပေါင်းတည်၌ ကျင်းပ

ပေါင်းတည် မတ် ၁

ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမတွင် ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးတိုးချဲ့ စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်သက်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုးဝင်းကမိုးစပါးတိုးချဲ့စိုက်ပျိုးရန်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မိုးစပါးတိုးချဲ့စိုက်ပျိုးမည့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများသို့ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးတိုးချဲ့ စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီတို့က ပေးအပ်ကြကြောင်း သိရသည်။ **(ယာပုံ) (၀၆၄)**

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်တရားပွဲ

ရန်ကုန် မတ် ၁၀

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲအောက် ဓာတ်စွယ်တော်မြတ်ကို ပွားယူပင့်ဆောင်၍ တည်ထားကိုးကွယ်အပ်သော စွယ်တော်ရတနာစေတီပူဇော်ပွဲ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ မတ် ၁၁ရက်၌ မဇ္ဈိမဂုဏ်ရည် ဆရာတော် အရှင်ကောဝိဒ၊ မတ်၁၂ရက်၌ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ မတ်၁၃ရက်၌ ဓမ္မဒူတဆရာတော်အရှင် ဆေကိန္ဒ၊ မတ်၁၄ရက်၌ ပိုင်းလော့ ဆရာတော် အရှင်ဇေယျပဏ္ဍိတတို့က ညစဉ်၇နာရီမှစ၍ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဇီဝိတဒါနသံဃာ့ဆေးရုံရှေ့ ရေခဲဆိုင်မှတ်တိုင် ဗဟန်းမြို့နယ်တွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်

ရန်ကုန် မတ် ၁၀

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ ရက်မှ ၂၇ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ မတ် ၁၇ရက် အရောက်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံအဝင်လမ်း သန့်ရှင်းရေးကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ ဖေဖော်ဝါရီ ၁၇ရက်က အမှုဆောင်အရာရှိ ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ အရေးပေါ်လူနာလက်ခံကုသဆောင်သစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲတက်ရောက်အားပေး

ရန်ကုန် မတ် ၁၀

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၅ ရက် နံနက်၈နာရီ ၁၀မိနစ်က မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ အရေးပေါ်လူနာလက်ခံ ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာလက်ခံကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း၌ မိုးစပါးစိုက်ဧက သိန်း ၃၀ တိုးတက်စိုက်ပျိုးရေး ဌာနဆိုင်ရာနှင့် တောင်သူလယ်သမားများ တက်ညီလက်ညီကြိုးပမ်း ဒေသနှင့်ကိုက်ညီသည့် သီးနှံအပြင် ခြံစည်းရိုးကြက်ဆူပင်များပါတိုးချဲ့စိုက်ပျိုး

ရန်ကုန် မတ် ၁၀

ပဲခူးတိုင်း တောင်ငူမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ရက် နံနက်ပိုင်းတွင် တောင်ငူမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ ထန်းတပင်မြို့သို့ နံနက် ၈နာရီတွင်ရောက်ရှိပြီး ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိမင်္ဂလာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးလက်အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက မြို့နယ်၏ ဒေသဆိုင်ရာကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပဲခူးတိုင်း၌ မိုးစပါးစိုက်ဧက သိန်း၃၀ တိုးတက်စိုက်ပျိုးရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး အဓိကသီးနှံ ၁၀ မျိုးနှင့် ဒေသနှင့်ကိုက်ညီသည့် အမယ်သစ်ငရုတ်ကောင်း၊ ကော်ဖီနှင့် နှစ်ရှည်သီးနှံဖြစ်သည့် သစ်ဆိမ့်အပြင် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ထူးခြားသည့်နေ့အပူချိန်များ

မင်းဘူး ပြည် ရွှေကျင် သာယာဝတီ ပုသိမ်	၄၀ဒီဂရီစင်တီဂရိတ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးဥယျာဉ်အတွင်း ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့ ၇၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၀နာရီတွင် ထန်းတပင်မြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်းရှိ ဖျားနာကုသဆောင်၊ သားဖွားဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အပြီးသတ်စိုက်ပျိုး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင် နွေစပါးစိုက်ကွင်းသို့ရောက်ရှိပြီး စိုက်ကွင်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါး လျာထားစိုက်ဧကများ သတ်မှတ်ချိန်အတွင်း အပြီးသတ်စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၄ ■

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက် သတင်းနှင့် ဓာတ်ပုံအညွှန်း

❑ တပေါင်းလ၌ လွမ်းမောဖွယ်ရာ ရွှေညြဥ္စက်သံကလည်း တကူကူ လေသံနှောပြီး သာယာသော သဘောရှိသည်။ သစ်ပင်များမှာလည်း ရွက်ဟောင်းကြွေကျမြေမှာခပြီး ရွက်သစ်များထွက်၍ ဖူးကြ၊ ငုံကြ၊ ပွင့်ကြ၊ သီးကြသည်။

ခိုင်ရွှေကြာ၏ ဆောင်းပါး (စာ-၁၀)



လာမည့် ၁၁နှစ်တာ ကာလအတွင်း နေ၏နေရောင်ခြည်စက်ဝိုင်းကွင်းများသည် ယခုလက်ရှိ အနေအထားထက် ၅၀ရာခိုင်နှုန်း ပို၍ အားကောင်းလာမည် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက မတ် ၆ရက်က ပြောကြားသည်။

နိုင်ငံတကာသတင်း (စာ-၄)

ပရီမီယာရှစ် ဘောလုံးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်။ မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အိမ်ကွင်း၌ ကစားရမည်။

သတင်းအကျယ် (စာ-၁၃)